# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )**

**[ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၃၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၄-၂-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ပင်လုံပြည်ထောင်စုနေ့ပွဲတော်သွားရောက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ မျက်ကြည်လွှာအစားထိုးခွဲစိတ်ကုသရန်။ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ယောက္ခမဖြစ်သူနာရေးကိစ္စ။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ လူငယ်ညီလာခံပင်လုံ သွားနေပါသဖြင့်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်းနှင့် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပင်လုံပြည်ထောင်စုနေ့ပွဲတော် သွားရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော တရားဝင်စာရွက်စာတမ်းများ ကိုင်ဆောင်ခြင်းမရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြုလက်မှတ်(Certificate of Identity) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော တရားဝင်စာရွက်စာတမ်းများ ကိုင်ဆောင်ခြင်းမရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ တရားဝင်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြုလက်မှတ်(Certificate of Identity) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးမှာကတော့ မလေးရှားနိုင်ငံမှာ ရောက်ရှိနေကြတဲ့ တရားဝင်စာရွက်စာတမ်းများ ကိုင်ဆောင်ထားခြင်းမရှိတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ တရားဝင်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြုလက်မှတ် (Certificate of Identity) သို့မဟုတ် (Certificate of Identification) ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

အကျိုးအကြောင်းအနေနဲ့ကတော့ မလေးရှားနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား (၃၀၀၀၀၀)လောက်ရှိတယ်လို့ သိရပါတယ်။ ၎င်းတို့အနက် အများစုဟာ တရားဝင်စာရွက်စာတမ်း သက်တမ်းကုန်ဆုံးသောသူများ ဖြစ်တယ်လို့လည်း သိရပါတယ်။ မြန်မာနိုင်ငံသား (၃၀၀၀၀၀) ခန့်အနက် (၅၀၀၀၀)ခန့်ဟာ ချင်းအမျိုးသားများ ဖြစ်တယ်လို့လည်း သိရပါတယ်။ မကြာသေးမီက မြန်မာနိုင်ငံ လက်မှတ်ရေးထိုးခဲ့တဲ့ ရွှေ့ပြောင်း အလုပ်သမားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ

သဘောတူညီချက်မှာ တရားဝင်စာရွက်စာတမ်း ကိုင်ဆောင်ခြင်းမရှိတဲ့၊ ဒါမှမဟုတ် သက်တမ်းကုန်ဆုံးသွားတဲ့ ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရေး မပါရှိတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားအများစုအနေနှင့် တရားဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုပြင်ပမှာ ရောက်ရှိနေကြပါတယ်။ အဲဒါကို အခွင့်အရေးယူပြီးတော့ မလေးရှားလူဆိုးဂိုဏ်းများနှင့် အကျင့်ပျက်ရဲဝန်ထမ်းများက မြန်မာနိုင်ငံသားများကို ဖမ်းဆီးငွေညှစ်ခြင်း၊ လုယက်ရိုက်နှက်ခြင်းစတဲ့ ဥပဒေမဲ့ စော်ကားရမ်းကားမှုများကို မကြာခဏ လုပ်ကြပါတယ်။ ဒါကို မြန်မာနိုင်ငံသားများက မကြာခဏ ခံကြရပါတယ်။ အဲဒီလို ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံသားများ မလေးရှားနိုင်ငံကို ရောက်ရှိနေကြတဲ့ တရားဝင်စာရွက်စာတမ်း ကိုင်ဆောင်ခြင်းမရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများအနေနှင့် တရားဝင်နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေနှင့် မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြုလက်မှတ် (Certificate of Identity) သို့မဟုတ် (Certificate of Identification) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မလေးရှားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနှင့်ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဖြေကြားချက်**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးသိန်းဆွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုန်အောရ် ရဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လို Certificate of Identity ဆိုတာဟာ မြန်မာဘာသာဖြင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ခေါ်ဆိုခြင်းပဲဖြစ်ပါတယ်။ အတိုကောက်အားဖြင့် C of I သို့မဟုတ် CI ဟုလည်း ခေါ်ကြပါတယ်။ အဆိုပါ CI သက်သေခံလက်မှတ်ဟာ နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိတဲ့ မြန်မာနိုင်ငံသားများကို ၎င်းတို့ရောက်ရှိနေတဲ့ နိုင်ငံကနေပြီးတော့မှ မြန်မာနိုင်ငံကို ပြန်လာနိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှာရှိတဲ့ မြန်မာသံရုံးများက စိစစ်ပြီးတော့မှထုတ်ပေးတဲ့ ခရီးစဉ်တစ်ကြောင်းအတွက် အသုံးပြုရတဲ့ သက်သေခံလက်မှတ်ပဲ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားတဲ့ မြန်မာနိုင်ငံသားအချို့ဟာ အကြောင်းတစ်ခုခု၊ ဥပမာအားဖြင့် သဘာဝဘေး၊ လူလုပ်ဘေးနှင့် အခြား

အကြောင်းကြောင်းများကြောင့် ၎င်းတို့ကို ထုတ်ပေးထားတဲ့ နိုင်ငံကူးလက်မှတ် (သို့မဟုတ်) နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆုံးရှုံးတတ်ကြပါတယ်။ အဆိုပါ အထောက်အထားမဲ့တဲ့ ပုဂ္ဂိုလ်များအနေနှင့် မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရန်အတွက် အထောက်အထားလက်မှတ် ရရှိရန် မြန်မာနိုင်ငံသံရုံးသို့ ဆက်သွယ်တင်ပြ လျှောက်ထားကြရပါတယ်။

အဲဒီအခါမှာ သံရုံးမှာရှိတဲ့ တာဝန်ရှိသူများက လျှောက်ထားသူရဲ့ ကိုယ်ရေးအချက်အလက်များကို တောင်းယူပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာရုံးကို ပေးပို့ပြီးတော့မှ လျှောက်ထားလာတဲ့လူဟာ မြန်မာနိုင်ငံသား မှန်ကန်မှုရှိ/မရှိ ကျွန်တော်တို့ မေးမြန်းရပါတယ်။ အဲဒီ မေးမြန်းချက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက စနစ်တကျစိစစ်ပြီးတော့မှ မြန်မာနိုင်ငံသား မှန်ကန်တဲ့သူများကို ကျွန်တော်တို့ သက်ဆိုင်ရာသံရုံးများသို့ အကြောင်းပြန်ပေးရပါတယ်။ မြန်မာနိုင်ငံသားအဖြစ် စိစစ်မှန်ကန်သူများကို  သံရုံးကနေမှ CI လက်မှတ်များ ထုတ်ပေးပြီးတော့မှ သက်သေခံလက်မှတ်များ ထုတ်ပေးပြီးတော့မှ မြန်မာနိုင်ငံကို ပြန်လာနိုင်ဖို့အတွက်ကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

CI လက်မှတ်ကိုင်ဆောင်ပြီးတော့မှ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိတဲ့သူများဟာ CI လက်မှတ်ကို လေဆိပ်ရောက်တာနှင့် သက်ဆိုင်ရာဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ပြန်လည်အပ်နှံရပါတယ်။ ၎င်းတို့ ယခင်က ကိုင်ဆောင်ခဲ့တဲ့ နိုင်ငံသား စိစစ်ရေးလက်မှတ်အသစ် အစားထိုးရရှိဖို့ အတွက်ကတော့ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လျှောက်ထားရမှာ ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးဟာ နိုင်ငံခြားသို့ သွားရောက်မယ်ဆိုလို့ရှိရင် နိုင်ငံကူးလက်မှတ်တစ်ခုခုကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရယူပြီးမှ သွားရောက်ကြရမှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို CI လက်မှတ်များ ထုတ်ပေးနေခြင်းကတော့ CI လက်မှတ်များ စတင်ထုတ်ပေးတဲ့အချိန်က နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် မြန်မာနိုင်ငံက အခြေအနေ မပေး အဆင်မပြေဖြစ်ခဲ့တဲ့အတွက် ယခင်အစိုးရလက်ထက်ကစပြီးတော့မှ နှစ်နိုင်ငံ ညှိနှိုင်းသဘော တူညီမှုရယူပြီး CI လက်မှတ်များကို ယာယီနိုင်ငံကူးလက်မှတ်ကဲ့သို့ အသိအမှတ်ပြုထုတ်ပေးနေခြင်း ဖြစ်ပါတယ်။ CI လက်မှတ် ကိုင်ဆောင်ထားသူများကိုလည်းပဲ သတ်မှတ်သက်တမ်းမကုန်ဆုံးမီ နိုင်ငံကူး လက်မှတ် မဖြစ်မနေ လျှောက်ထားရယူကြရန် အသိပေးအကြောင်းကြား ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ လုပ်ငန်းစဉ်များကိုလည်းပဲ ဖြေလျှော့ပြီးတော့မှ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်ရရှိအောင် သက်ဆိုင်ရာဌာနများမှ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မလေးရှားနိုင်ငံမှာ ရောက်ရှိနေကြတဲ့ အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို မိခင် နိုင်ငံသို့ ပြန်လည်လာရောက်လိုတယ်ဆိုလျှင် မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင် ပျောက်ဆုံး သူများအနေနှင့် မြန်မာနိုင်ငံရဲစခန်းရဲ့ ထောက်ခံချက်နှင့် ရပ်ကွက်ထောက်ခံချက်၊ ကလေးသူငယ်များ ပါဝင်က မွေးစာရင်း၊ မိခင်၊ ဖခင်တို့ရဲ့ လက်ထပ်စာချုပ်များနှင့် မြန်မာသံရုံးမှာ CI ကို ကျွန်တော်တို့ အလွယ်တကူ လျှောက်ထားနိုင်ပြီးတော့မှ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မလေးရှားနိုင်ငံကို သွားရောက်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားအချို့ဟာ Calling Visa နဲ့ မလေးရှားနိုင်ငံသို့ တရားဝင် သွားရောက်လုပ်ကိုင်ခြင်းဖြစ်သော်လည်းပဲ သတ်မှတ်စာချုပ် သက်တမ်း မပြည့်မီချိန်မှာ တခြား လစာပိုပေးတဲ့အလုပ်ခွင်များသို့ မိမိသဘောဖြင့် ပြောင်းရွှေ့ သွားကြခြင်း၊ အချို့သော မြန်မာနိုင်ငံသားများကတော့ အလည်အပတ် Visa ဖြင့် သွားရောက်

ကြပြီးတော့မှ အလုပ်အကိုင်များရှာဖွေကြခြင်း၊ အချို့ကလည်းပဲ ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် သွားရောက်နိုင်ခြင်း အချက်များကြောင့် တရားမဝင် အလုပ်သမားများ ဖြစ်သွားရခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှာရှိနေတဲ့ မြန်မာနိုင်ငံသားဟု ဆိုသူများကိုလည်းပဲ မြန်မာသံရုံးက တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး နိုင်ငံသားစိစစ်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံသားဖြစ်ကြောင်း စိစစ်တွေ့ရှိသူ များကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI ကို ထုတ်ပေးပြီးတော့မှ ကာယကံရှင်များကို လေယာဉ်လက်မှတ်ခ သွင်းစေပြီးတော့မှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပါတယ်။ လေယာဉ် လက်မှတ်ခပေးသွင်းနိုင်ခြင်း မရှိသူများအတွက်လည်းပဲ မြန်မာသံရုံးနှင့် ကျွန်တော်တို့ အလှူရှင်များ၊ ဝန်ကြီးဌာနများက ညှိနှိုင်းပြီးတော့မှ ပြန်လည်လာရောက်နိုင်ရေးအတွက် ကုန်ကျစရိတ်များကို ကျခံ ပေးလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ကနေပြီးတော့မှ နိုဝင်ဘာလအထိ ထိန်းသိမ်းရေး စခန်း(၁၁)ခုမှ မြန်မာနိုင်ငံသားဟု ဆိုတဲ့ပုဂ္ဂိုလ် (၄၁၁၀)ဦးအား မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့မှ C of I ထုတ်ပေးပြီးတော့မှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မလေးရှားနိုင်ငံကို သွားရောက်မယ့် မြန်မာနိုင်ငံသား အလုပ်သမားများအနေနှင့် နိုင်ငံကူးလက်မှတ်များ တရားဝင်ထုတ်ပေးပြီးတော့မှ တရားဝင်လမ်းကြောင်းက စေလွှတ်လျက်ရှိပါတယ်။ အထောက်အထား တင်ပြနိုင်ခြင်းမရှိတဲ့ မြန်မာနိုင်ငံသားများကိုလည်းပဲ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရန် အတွက် CI လက်မှတ်များကိုလည်းပဲ ထုတ်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ CI လက်မှတ်များဟာ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့အတိုင်းပဲ နိုင်ငံကူး လက်မှတ်ကဲ့သို့ အသုံးပြုနိုင်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီးတော့မှ မလေးရှား အစိုးရနှင့်တွေ့ဆုံဆွေးနွေး အသိအမှတ်ပြုလက်မှတ် CI ပြုလုပ်ပေးရန် ကျွန်တော်တို့ အစီအစဉ် မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်းများသည် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ နယ်စပ်ဝင်ပေါက်ဂိတ်များမှ တစ်ဆင့် တင်သွင်းလာသော အအေးခဲအသားများ၊ ငါး၊ ပုစွန်များကို နိုင်ငံတော်မှ တရားဝင် ခွင့်ပြုချက်လိုင်စင် (ပါမစ်)ထုတ်ပေးထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ နယ်စပ်ဝင်ပေါက်ဂိတ်များမှ တစ်ဆင့် တင်သွင်းလာသော အအေးခဲအသားများ၊ ငါး၊ ပုစွန်များကို နိုင်ငံတော်မှ တရားဝင် ခွင့်ပြုချက် လိုင်စင်(ပါမစ်)ထုတ်ပေးထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းများကို မမေးမြန်းမီ မေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်ကို တင်ပြပါမယ်။

စားသုံးသူများ စိတ်ချယုံကြည်စွာနှင့် ဘေးကင်းစွာ စားသုံးနိုင်ရန် ရည်ရွယ်ပြီးတော့ မေးခြင်း ဖြစ်ပါတယ်။ တရားမဝင် တင်သွင်းမှုများ ဟန့်တားပြီး တရားဝင်တင်သွင်းနိုင်ရန်နှင့် အခွန် ဘဏ္ဍာများရရှိစေရန်၊ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ အကာအကွယ်ပြုနိုင်ရန်၊ စားသုံးသူများ စားသုံးရန် သင့်၊ မသင့် ရောဂါရှာဖွေရေးနှင့် စစ်ဆေးရေးဓာတ်ခွဲခန်းများ ထားရှိနိုင်ရန် ရည်ရွယ်၍ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြား တောင်းခံ အပ်ပါတယ်။

ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အအေးခဲအသား၊ ကြက်သား၊ အသဲ၊ အမြစ်၊ ငါး၊ ပုစွန်များ တင်သွင်းစားသုံးလျက်ရှိပါတယ်။ တင်သွင်းလာသော အအေးခဲအသား၊ ငါး၊ ပုစွန် များကို ကရင်ပြည်နယ်အပါအဝင် မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းများထိတိုင် စားသုံးသူ မိဘပြည်သူများ စားသုံးနေကြကြောင်း သိရှိရပါတယ်။ တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကြောင့် ပြည်တွင်းစားသုံးသူများ ဈေးနှုန်းသက်သာစွာနှင့် အလွယ်တကူစားသုံးနိုင်ကြောင်း သိရှိရပါတယ်။ သို့သော် ထိုသို့စားသုံးရန်တင်သွင်းလာသော အအေးခဲအသားနှင့် ငါး၊ ပုစွန်များကို အများပြည်သူများ စားသုံးရန် သင့်၊ မသင့် အထူးကြပ်မတ်စစ်ဆေးရန် လိုအပ်လှပါတယ်။ တင်သွင်း လာသော အအေးခဲအသား၊ ငါး၊ ပုစွန်များသည် ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းလာခြင်းဖြစ်သည့်အတွက် ထိုင်းနိုင်ငံအစိုးရ၏ Export Certificate များ ကျန်းမာရေးစစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်သော ထောက်ခံချက်၊ ဓာတ်ခွဲခန်းစစ်ဆေးချက်များ ပါရှိရန် လိုအပ်လှပါတယ်။ ထိုင်းနိုင်ငံ အရည်အသွေး စိစစ်ချက်များ ပါရှိခြင်း ရှိ/မရှိ စစ်ဆေးရန် လိုအပ်လှပါတယ်။ မြန်မာနိုင်ငံဘက်မှလည်း မြဝတီနယ်စပ်

ကုန်သွယ်ရေးစခန်းတွင် စားသုံးရန် သင့်၊ မသင့် ရောဂါရှာဖွေရေးစခန်းများ၊ စစ်ဆေးရေးဓာတ်ခွဲခန်းများ ထားရှိပြီး စစ်ဆေးအတည်ပြုချက်ရယူပြီးမှ တင်သွင်းခွင့်ပြုရန် လိုအပ်လှပါတယ်။

ထိုကဲ့သို့ စစ်ဆေးခြင်းမပြုဘဲ အသား၊ ငါးတွေနှင့်ပတ်သက်ပြီး နိုင်ငံတော်အတွက် အခွန်အခများ ရရှိနိုင်ခြင်းမရှိသည့်အတွက် တိုင်းပြည်ဘဏ္ဍာငွေများ ရရှိမှုမရှိခြင်း၊ တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကြောင့် စားသုံးသူပြည်သူများသို့ ရောဂါများ ကူးစက်နိုင်သလို၊ အသား၊ ငါး၊ ပုစွန်များကြောင့် ရောဂါကူးစက်ပြန့်ပွားနိုင်ပါတယ်။ ပြည်ပမှတင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များ ဈေးကွက်များအတွင်း တရားမဝင် ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းရှိ ကြက်မွေးမြူသူများ၊ ငါး၊ ပုစွန်မွေးမြူသူများအနေဖြင့် အပြိုင်အဆိုင် ရောင်းချနိုင်ခြင်း မရှိခြင်းကြောင့် ပြည်တွင်းမွေးမြူရေး လုပ်ငန်းလုပ်သူများ စီးပွားရေးထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေရပါတယ်။ တစ်ဖက်တွင်လည်း မွေးမြူရေး တောင်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရပါတယ်။ ဒီတရားမဝင် တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကို နယ်စပ်ကုန်သွယ်ရေးစခန်း အပါအဝင် သက်ဆိုင်ရာ လမ်းကြောင်းများတွင် သက်ဆိုင်ရာဦးစီးဌာနပေါင်းစုံ ပူးပေါင်းပါဝင်စစ်ဆေးအရေးယူရန် အထူး လိုအပ်လှပါတယ်။

သို့ပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် စားသုံးသူပြည်သူများရဲ့ ကိုယ်စား မေးမြန်းလိုသည်မှာ ပြည်ပမှတင်သွင်းလာသော အေးခဲအသား၊ ငါး၊ ပုစွန်များအား နိုင်ငံတော်မှ ခွင့်ပြုလိုင်စင်ထုတ်ပေးခြင်း ရှိ/မရှိနှင့် မည်သည့်နည်းများဖြင့် ထုတ်ပေးနေကြောင်းနဲ့ (ခ) မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် စားသုံးရန် သင့်၊ မသင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများ ထားရှိရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

အေးခဲအသား၊ ငါး၊ ပုစွန်များ၏ မြင်ကွင်းပုံ (အ)



**ထားဝယ် အထူးစီးပွားရေးဇုန်(Dawei SEZ) ဒေသအတွင်းရှိ ကျေးရွာများနှင့် လယ်ယာဥယျာဉ်ခြံမြေများကို အထူးစီးပွားရေးဇုန်စီမံကိန်း ပြန်လည်အကောင်အထည်ဖော်ကာ ဒေသခံပြည်သူများအား ပြောင်းရွှေ့နေရာချထားမပေးနိုင်သေးမီကာလအတွင်း ထိုဒေသကို အခြားဒေသကျေးရွာများနည်းတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ စီမံကိန်းနှင့်ပတ်သက်သော ကိစ္စရပ်များနှင့် အစည်းအဝေးများတွင် မဲဆန္ဒနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်း၊ အသိပေး ပါဝင်စေနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း က ထားဝယ် အထူးစီးပွားရေးဇုန် (Dawei SEZ) ဒေသအတွင်းရှိ ကျေးရွာများနှင့် လယ်ယာဥယျာဉ်ခြံမြေများကို အထူးစီးပွားရေးဇုန် စီမံကိန်း ပြန်လည်အကောင်အထည်ဖော်ကာ ဒေသခံပြည်သူများအား ပြောင်းရွှေ့နေရာချထား မပေးနိုင်သေးမီကာလအတွင်း ထိုဒေသကို အခြားဒေသများနည်းတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ စီမံကိန်းနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် အစည်းအဝေးများတွင် မဲဆန္ဒနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်း၊ အသိပေး ပါဝင်စေနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရခြင်းရဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံရဲ့ စီးပွားရေး ပြန်လည် ဦးမော့လာစေရေးမှာ အဓိက အခန်းကဏ္ဍကနေ ပါဝင်နိုင်တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ ဟိုင်းဝေးလမ်းမကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင်နဲ့ စီမံကိန်းအတွက် အချက်အလက် အမှန်ရရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေပြီး မှန်ကန်တဲ့ စီမံခန့်ခွဲမှုနဲ့ ဆုံးဖြတ်ချက်နဲ့အညီ စီမံကိန်းကို အောင်မြင်အောင် အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဟာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရဲ့ အနောက်မြောက်ဘက် (၁၇)မိုင်ခန့် အကွာမှာတည်ရှိပြီး မြန်မာနိုင်ငံမှာ ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်ထားကာ အရှေ့တောင်အာရှမှာ အကြီးဆုံးစီးပွားရေးဇုန်တစ်ခုအဖြစ် ရည်ရွယ်ထားခဲ့ပါတယ်။ စီမံကိန်းကြီးအောင်မြင်ရင် အလုပ်အကိုင်အခွင့်အလမ်း များစွာရှိပြီး စီမံကိန်းမှာ ရေနက်ဆိပ်ကမ်းပါတဲ့အတွက် အနောက်နိုင်ငံများနှင့် အရှေ့နိုင်ငံများကို ဖြတ်သန်းသွားရာ စီးပွားရေး အချက်အချာ ဂိတ်ပေါက်တစ်ခုဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအတွက် တနင်္သာရီတိုင်းဒေသကြီးရဲ့ လှပတဲ့ကျွန်းစုများ၊ ပြန့်ပြူးတဲ့သဲသောင်ကမ်းခြေများ ရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ မြန်မာနိုင်ငံကိုပါ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာ

စေလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ထိုစဉ်က မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံများကပါ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်ကြောင့် သူတို့ရဲ့စီးပွားရေး ဆုတ်ယုတ်သွားမှာကို အထူးစိုးရိမ်နေကြပါတယ်။

ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်အောင်မြင်လျှင် အနောက်နိုင်ငံများမှ လာတဲ့သင်္ဘောများဟာ မလက္ကာရေလက်ကြားနှင့် စင်ကာပူကိုပတ်ပြီး သွားရမယ့် အချိန်ကြန့်ကြာမှု၊ ငွေကြေးကုန်ကျမှုများနဲ့ နှိုင်းစာလျှင်တော့ ထားဝယ်ရေနက်ဆိပ်ကမ်းလမ်းကြောင်းဟာ အချိန်တိုတို၊ ခရီးတိုတိုအတွင်းမှာ စိတ်ချရတဲ့လမ်းကြောင်းတစ်ခုဖြစ်ပြီး အကျိုးများတဲ့လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ ယခုအခါ ရေနက်ဆိပ်ကမ်းနဲ့ ဟိုင်းဝေးလမ်းကို ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်းလည်း သိရပါတယ်။ ဟိုင်းဝေးလမ်းကို အကောင်အထည်ဖော်တဲ့နေရာမှာ လမ်းကြောင်းအသစ်ကို ထပ်မံမရွေးချယ်ဘဲ လက်ရှိလမ်းအူကြောင်းကို ရွေးချယ်ခြင်းဟာ ပထဝီအနေအထားအရသော်လည်းကောင်း၊ စီးပွားရေးအချက်အချာအရသော်လည်းကောင်း ကောင်းတဲ့ဒေသတစ်ခုဖြစ်တဲ့အတွက်ကြောင့် အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော်ဖို့ တိုက်တွန်းချင်ပါတယ်။

ယခင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဟာ ၂၀၁၃ ခုနှစ်ကတည်းက ရပ်တန့်ထားပြီး ယခုအခါမှာ မြန်မာ၊ ထိုင်းနှင့် ဂျပန် သုံးနိုင်ငံတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် JICA မှ Master Plan Survey ပြန်လည် ပြုလုပ်နေတာကိုလည်း သိရပါတယ်။ ဒါပေမဲ့ အဲဒီဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေလုံးငွေရင်းနဲ့ ချထားဆောင်ရွက်ပေးတာမရှိဘဲ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်မှုများဟာလည်း ထိရောက်မှုမရှိတာကို တွေ့ရပါတယ်။ လက်တွေ့အားဖြင့် ရွာချင်းဆက်လမ်းများ၊ တံတားများ ပျက်စီးနေခြင်း၊ ဇုန်အတွင်း ကျေးရွာအတွင်းရှိ လမ်းများပြုပြင်ရန် လိုအပ်ခြင်း၊ စာသင်ကျောင်းများတွင် အခင်းနှင့်အကာများ ပျက်စီးယိုယွင်းနေခြင်း၊ ထိုဇုန်ကျေးရွာအတွင်းရှိ ကျောင်းများတွင် တိုးပွားလာသော ပညာသင်ကျောင်းသားများနှင့်အညီ အဆောက်အဦအသစ်များ တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သော်လည်း ဆောက်လုပ်ခွင့်မရခြင်း၊ ထိုဒေသဟာ စီးပွားရေးဇုန်ဧရိယာအဖြစ် သတ်မှတ်ထားတဲ့အတွက် လယ်ယာဥယျာဉ်ခြံများ မှတ်ပုံတင်ခွင့်မရခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေမရခြင်း၊ လျှပ်စစ်မီးသွယ်တန်းမှုမရှိခြင်း၊ တိုင်းဒေသကြီး လျှပ်စစ်စီမံချက် ရေးဆွဲရာမှာလည်း ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်မှုမရှိခြင်း၊ ၎င်းအပြင် ပြောင်းရွှေ့နေရာ ချထားမည့် အိမ်ရာဧရိယာအတွင်း သိမ်းဆည်းခံတောင်သူ (၁၆)ဦးတို့ဟာလည်း ပြန်လည်နေရာ ချထားတဲ့အခါမှာ အိမ်အစားရမယ်လို့ သဘောတူညီချက် ရှိထားပါတယ်ဆိုသော်လည်း မည်သည့်ကာလတွင် ထိုအိမ်ရာကို ပြောင်းရွှေ့ကာနေထိုင်ခွင့်ရမှာကို မသိရတဲ့အတွက် ၎င်းတို့ရဲ့ ယိုယွင်းပျက်စီးနေတဲ့အိမ်များကိုလည်း ပြန်လည်ဆောက်လုပ်ခွင့်မရဘဲ အခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။

လက်ရှိဇုန်အတွင်းရှိ ရွာလမ်းများဟာလည်း ဆရာတော်များနဲ့ ရွာသားများ စုပေါင်းပြီး တတ်နိုင်သလောက် ပြုပြင်ထားတဲ့လမ်းများပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုအခါမှာ အဲဒီလမ်းပေါ်မှာ ကျောက်ချောလမ်းအဖြစ် လာရောက်ပြုပြင်နေမှုဟာလည်း စနစ်မကျ အရည်အသွေးမမီ ဆောင်ရွက်နေမှုကြောင့် မိုးရေချိန် အလွန်များပြားတဲ့ အဲဒီဒေသမှာ မကြာခင် ကျောက်အလုံးလိုက် ပြန်ပေါ်လာပြီး ဒေသခံပြည်သူများ သွားလာရေး ပိုမိုအခက်အခဲဖြစ်စေမှာကို မြင်တွေ့နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခင် ရေနက်ဆိပ်ကမ်းနဲ့ ထားဝယ်စီးပွားရေးဇုန်ရဲ့ ရည်ရွယ်ချက်ဟာ ၂၀၁၀ ခုနှစ်မှစတင်ပြီး အဆင့်(၃)ဆင့်ဖြင့် နှစ်အလိုက် ပိုင်းခြားကာ ဆောင်ရွက်သွားဖို့ ရေးဆွဲထားပါတယ်။ ဒါပေမဲ့ ထိုစီမံကိန်း အကောင်အထည် မဖော်နိုင်ရခြင်းရဲ့ အကြောင်းအမျိုးမျိုးထဲမှ နောင်ကာလ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ယခင်ကာလက သင်ခန်းစာယူသင့်တာကိုယူပြီး ပြုပြင်ဆောင်ရွက်သွားဖို့ လိုအပ်လှပါတယ်။ ဥပမာအားဖြင့် ဆောင်ရွက်မည့် သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ဒေသအတွင်း ပါဝင်ထိုက်၊ ပါဝင်သင့်သူများကို ပါဝင်စေမှုမရှိခြင်း၊ ဖိတ်ခေါ်တိုင်ပင် ဆွေးနွေးမှု၊ အသိပေးမှု အားနည်းခြင်း၊ လျော်ကြေး၊ နစ်နာကြေးများ ပေးရာတွင် ညီမျှမှုမရှိခြင်း၊ ဒေသသတင်းအချက်အလက်များ တိကျမှန်ကန်စွာ ရယူရန်လိုအပ်ခြင်း စတဲ့ အကြောင်းများလည်း ပါဝင်ပါတယ်။ သို့အတွက်ကြောင့် ဒေသအကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွား ကောင်းကျိုးကို ရည်ရွယ်ပြီး ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ထားဝယ် အထူးစီးပွားရေးဇုန် နေရာ၏ မြင်ကွင်းပုံ (ကက)




သဘာဝ၏ အလှတရားများတည်ရှိရာ မြင်ကွင်းပုံ (ကက-၁)



တောင်သူတို့၏ အိမ်များနှင့် နေရာမချထားသော အိမ်ရာများ၏ မြင်ကွင်းပုံ (ကက-၂)



**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဖြေကြားချက်**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကရင်ပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ရဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးအောင်ထူး က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် အေးခဲအသားများ ပြည်ပမှ တင်သွင်းခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ ထောက်ခံချက်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ငါး၊ ပုစွန်များ ပြည်ပမှ တင်သွင်းခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း အရေအတွက်

ကန့်သတ်စိစစ်ပြီး သွင်းကုန်လိုင်စင်များ ထုတ်ပေးလျက်ရှိပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်ဖြင့် အေးခဲအသားတင်သွင်းရန် သွင်းကုန်လိုင်စင် ထုတ်ပေးမှုအနေနဲ့တင်ပြရရင် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ(၁၁၀၀၀)တန်ဖိုးရှိတဲ့ အေးခဲအသား တန်ချိန်(၀.၉၆၈)တန် (ပိဿာ ၆၀၀)ခန့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ (၂၇၀၀၀)တန်ဖိုးရှိတဲ့ အေးခဲအသား တန်ချိန်(၂.၉၅၆)တန် (ပိဿာ ၁၈၀၀)ခန့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင် ခွင့်ပြုထုတ်ပေးခဲ့ပါတယ်။ ငါး၊ ပုစွန်များ တင်သွင်းရန် သွင်းကုန်လိုင်စင် ထုတ်ပေးမှုအခြေအနေကို တင်ပြရရင် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်ဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၄၉၀၀၀)တန်ဖိုးရှိတဲ့ ငါး၊ ပုစွန်တန်ချိန်(၁၉၀.၅)တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ(၇၃၀၀၀)တန်ဖိုးရှိ ငါး၊ ပုစွန်တန်ချိန်(၂၁.၉၆)တန်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင် ထုတ်ပေးခဲ့ပါတယ်။

အေးခဲအသားများအား လိုင်စင်ခွင့်ပြုချက် လျှောက်ထားရရှိပြီးနောက် ကုန်သွယ်ရေးဇုန် (OSS) တွင်ရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နမူနာထုတ်ယူ၍ အင်းစိန်၊ စော်ဘွားကြီးကုန်း (ရန်ကုန်) ရှိ ဌာနဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။ အေးခဲအသားနှင့် ငါး၊ ပုစွန် တင်သွင်းမှုဟာ မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်၊ စားသောက်ဆိုင်များရဲ့ လိုအပ်ချက်အတွက် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး တစ်ဖက်မှာ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်း ငါး၊ ပုစွန်များကို EU နိုင်ငံများနှင့် အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း(၃၀)ကျော်ကို တင်ပို့လျက်ရှိရာမှာ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ(၅၆၆)သန်းမျှ တင်ပို့ခဲ့ပြီး ဖြစ်တယ်ဆိုတာကိုလည်း အသိပေး တင်ပြလိုပါတယ်။

အေးခဲအသား ငါး၊ ပုစွန်နှင့် ပတ်သက်လို့ မြန်မာနိုင်ငံရှိ အချို့သောစီးပွားရေး မသမာသူများဟာ မြဝတီနယ်စပ်ရှိ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံမှ အေးခဲအသားနှင့် ငါးများကို သယ်ယူမှုရှိနေပြီး ပြည်တွင်းသို့ ဖြန့်ဖြူးရာမှာလည်း ကုန်သွယ်ရေးဇုန်အတွင်းသို့ ဝင်ရောက်စစ်ဆေးခံ သယ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ကုန်သွယ်ရေးဇုန်ကို ရှောင်ကွင်း၍ သွားနိုင်သောလမ်းများမှတစ်ဆင့်လည်းကောင်း၊ ခရီးသည်ကား (Express) များတွင် အလုံပိတ်ဖော့ပုံးများဖြင့် ခရီးသည်ဝန်စည်များနှင့် ရောနှော၍လည်းကောင်း သယ်ယူလေ့ရှိကြောင်း တွေ့ရှိရတဲ့အတွက် တရားမဝင် သယ်ဆောင်မှုများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဥ်များ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒါနဲ့ပတ်သက်လို့ တင်ပြရရင် ၂၀၁၇ ခုနှစ်အတွင်း တရားမဝင် တင်သွင်းလာတဲ့ အေးခဲအသားနှင့် ငါး၊ ပုစွန် ဖမ်းဆီးမှု(၁၁)ကြိမ်ရှိခဲ့ပြီး ခန့်မှန်းတန်ဖိုးကျပ်သိန်း(၁၄၀)ရှိတဲ့ အေးခဲ ကြက်သား၊ ကလီစာ၊ အသားတုမျိုးစုံ ကီလို(၃၆၀၀)ကျော်ကို စစ်ဆေးဖမ်းဆီးရမိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းတွင် စားသုံးရန် သင့်၊ မသင့် စစ်ဆေးနိုင်တဲ့ ရောဂါရှာဖွေရေးလုပ်ငန်းများ ထားရှိရန် အစီအစဥ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားရမယ်ဆိုရင်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် မြဝတီနယ်စပ်တွင် တင်သွင်းလာတဲ့ အေးခဲအသားများကို စားသုံးရန် သင့်၊ မသင့် ရှာဖွေစစ်ဆေးရန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ဆောက်လုပ်ထားတဲ့အပြင် မြဝတီတန်ပိုဂိတ်တွင်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်း (၂)ဦးအား တာဝန်ပေးအပ်ပြီး သက်ဆိုင်ရာဌာနပေါင်းစုံဖြင့် ပူးပေါင်းကာ တရားမဝင် တင်သွင်းလာတဲ့ အေးခဲအသား ပါ၊ မပါကို စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း မြဝတီခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းကို အဆင့်မီဓာတ်ခွဲခန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကို ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး တားဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ရဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ဆက်လက်ဖြေကြားခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ် အထူး စီးပွားရေးဇုန်ဟာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရဲ့ အနောက်မြောက်ဘက်(၁၇)မိုင်ခန့်အကွာ နဘုလယ်ဒေသတွင် တည်ရှိပါတယ်။ ထားဝယ် အထူးစီးပွားရေးဇုန် နယ်နိမိတ်ကို အထူးစီးပွားရေးဇုန် ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၇၀/၂၀၁၃)ဖြင့် စတုရန်းကီလိုမီတာ(၁၉၆)၊ ဧကအားဖြင့် (၄၈၄၃၂.၄၅၁၂)ဧကကို နိုင်ငံတော်စီမံကိန်းမြေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို လျင်မြန်စွာ အကောင်အထည်ဖော်ခြင်းဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမှာဖြစ်တဲ့အတွက် ကနဦးစီမံကိန်းနဲ့ ပင်မစီမံကိန်းဟူ၍ အဆင့် (၂)ဆင့် ခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။

ကနဦးစီမံကိန်းမှာ စီမံကိန်း(၉)ခုပါဝင်ပြီး ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနဲ့ အီတာလျံ-ထိုင်းကုမ္ပဏီတို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် လုပ်ငန်းသဘောတူ စာချုပ်များ ချုပ်ဆိုခဲ့ပါတယ်။ ၎င်းစာချုပ်အရ ကနဦးစီမံကိန်းလုပ်ငန်းများ မစတင်မီ ရက်ပေါင်း (၂၁၀)အတွင်းမှာ နှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမယ့်အချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ သို့သော်လည်း ယင်းကြိုတင်ဖြည့်ဆည်းရမယ့် လုပ်ငန်းများကို အချိန်ယူဆောင်ရွက်ရန် လိုအပ်တဲ့အတွက် နှစ်ဖက်သဘောတူညီမှုဖြင့် သက်တမ်း ထပ်မံတိုးခြင်းများကို ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ သက်တမ်း တိုးမြှင့်ထားရှိပါတယ်။ နှစ်ဖက် ကြိုတင်ဖြည့်ဆည်း ရမယ့်အချက်များမှာ အဓိကကျန်နေတဲ့အချက်ကတော့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက် မှု ဆန်းစစ်ခြင်း အစီရင်ခံစာအား အတည်ပြုခြင်းနှင့် မြေငှားရမ်းစာချုပ် ချုပ်ဆိုခြင်းတို့ ဖြစ်ပါတယ်။

ယခုအခါမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ (၁၀)ခုအနက်မှ (၇)ခုအား အတည်ပြုနိုင်ခဲ့ပြီး ကျန်(၃)ခုကို အတည်ပြုနိုင်ရေး ဆက်လက် ဆောင်ရွက်

လျက်ရှိပါတယ်။ ကနဦးစီမံကိန်းရဲ့ စီမံကိန်းနယ်မြေ မြေငှားစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ ငှားရမ်းနိုင်ရေး ဆောင်ရွက်ခြင်းနဲ့ သက်ဆိုင်ရာကုမ္ပဏီနဲ့ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် လျော်ကြေးပေးချေရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိ၊ ရပ်ဖများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ မြေယာလျော်ကြေးပေးမှုနဲ့ ပြန်လည်နေရာချထားခြင်းလုပ်ငန်းများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အကြံပေးအဖွဲ့အဖြစ် ERM လို့ခေါ်တဲ့ Enviromental Resources Management ကုမ္ပဏီကိုလည်း ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ယခုအခါမှာ ကနဦးစီမံကိန်း စာချုပ်များအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် နှစ်လမ်းသွားကားလမ်းတည်ဆောက်ရေးအတွက် ချေးငွေရယူရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးတစ်ရပ် Master Plan ရေးဆွဲရေးကိစ္စတို့ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများကို မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရတို့မှ တွန်းအားပေး ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်ဝန်ကြီးအဆင့်များပါဝင်သော မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းကော်မတီရဲ့ အဌမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်ခဲ့ပါတယ်။ ယင်းဆွေးနွေးချက်များအပေါ် အခြေခံပြီး နှစ်နိုင်ငံကျွမ်းကျင်မှုဆိုင်ရာ ပူးတွဲအထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ဒေသအတွင်းရှိ ကျေးရွာများနှင့် လယ်ယာခြံမြေများရှိ ဒေသခံပြည်သူများ ပြောင်းရွှေ့နေရာချထားပေးခြင်း မဆောင်ရွက်နိုင်သေးမီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ လဲရှောင်ကျေးရွာ၊ အခြေခံပညာကျောင်း(ခွဲ) ယာယီစာသင်ဆောင် ဆောက်လုပ်ခြင်း၊ မူးဒူးကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း ပြင်ဆင်ခြင်း၊ လဲရှောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)စာရေးခုံနှင့် KG တန်း သစ်သားအခင်းများပြုလုပ်ခြင်းနဲ့ ခမောင်းချောင်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း သွပ်မိုးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း၊ လဲရှောင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပင်မကျောင်းဆောင်ဆောက်လုပ်ခြင်း၊ မူးဒူးကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း မျက်နှာကြက် တပ်ဆင်ခြင်းနှင့် လဲရှောင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးခန်းတွဲ သန့်စင်ခန်းတစ်လုံး ဆောက်လုပ်ခြင်းတို့ကို ပညာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ လဲရှောင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ယာယီစာသင်ဆောင်အကာနှင့် ပြတင်းတံခါးတပ်ဆင်ခြင်းနှင့် ခမောင်းချောင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးချဲ့ပြုပြင်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ရေရရှိရေးနဲ့ပတ်သက်လို့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မူးဒူးကျေးရွာတွင် လက်တူးတွင်း(၁)တွင်းနဲ့ ကွန်ကရစ်ရေစင် ဆောက်လုပ်ခြင်းအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း၊ ပရဒတ်-မယင်းကြီးကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းပေ(၃၀၀၀) ပြုပြင်ခြင်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးမှုရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပရဒတ်ကျေးရွာ၊ ဘဝါရွာလယ် မြေသားလမ်း ပေ(၂၃၀၀)ပြုပြင်ခြင်း၊ မူးဒူးကျေးရွာ၊ သုသာန်သွားမြေသားလမ်း ပေ(၂၅၀၀)အဆင့်မြှင့်တိုးချဲ့ခြင်း၊ လဲရှောင်-ဇကနိကျေးရွာ ရွာချင်းဆက် မြေသားလမ်း ပေ(၂၆၄၀)ပြုပြင်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ ကနဦးစီမံကိန်း အကျယ်အဝန်း ဧက(၁၀၃၅၃)ဧကရှိပြီး လျော်ကြေးပေးရမည့် (၉၈၉၅)ဧကအနက် (၉၁၂.၆၅)ဧကအတွက် လျော်ကြေးငွေ ကျပ်သန်း(၇၄၈၇.၄၁)ကို ပေးချေခဲ့ပြီး ဖြစ်ပါတယ်။ ဒေသခံတောင်သူများပိုင်ဆိုင်တဲ့ (၃၄၂၄.၂၆)ဧကအတွက် ကျပ်(၃၈၁၆၁.၂၇)သန်းကို ဆက်လက်ပေးချေသွားနိုင်ရန်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ ကနဦးစီမံကိန်းအပိုင်းအတွက် မြေငှားစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေအကြံပေးများ ငှားရမ်းကာ ၂၀၁၈ ခုနှစ်၊ ဧပြီလ မတိုင်မီ အပြီးသတ်ချုပ်ဆိုပြီး Concession Agreement နှင့်အညီ မကြာမီ လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကနဦးစီမံကိန်းအတွင်းရှိ ကျေးရွာနှင့် လယ်ယာဥယျာဉ်ခြံမြေများကို မကြာမီ ပြောင်းရွှေ့နေရာချထားပေးရန် ရှိပါသဖြင့် ပြောင်းရွှေ့နေရာချထားပေးမည့်နေရာများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြန်လည်နေရာချထားမှုတွင် နေထိုင်ရေး၊ လျော်ကြေးငွေကိစ္စ၊ ရပ်ရွာလူမှုရေးကိစ္စနှင့် စီးပွားရေးကိစ္စများကို ဒေသခံအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုင်းထွန်းအောင် ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) / ၂၀၁၈ - ၀၉၂

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ၇ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၅-၁-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)တို့က ၂၂-၁-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့နှင့် ၂၅-၁-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) တည်ဆဲရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များအားလုံးကို လွှမ်းခြုံနိုင်မှုမရှိဘဲ နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြု

လုပ်ငန်း အစရှိသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ခြင်းအတွက် လိုအပ်ချက်များ သတ်မှတ်ခြင်း၊ တည်ထောင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲကြီးကြပ်ခြင်း လုပ်ငန်းရပ်များသာ ဖော်ပြပါရှိသဖြင့် တည်ဆဲဥပဒေ၏ အမည်ကို ပြင်ဆင်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂ နှင့် အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

"၂။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၏ အမည်ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ရမည် -

"ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဥပဒေ"

၃။ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁။ ဤဥပဒေကို ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။"**

(ခ) ရှေးဦးအရွယ်ကလေးသူငယ်များ၏ မိဘအုပ်ထိန်းသူများနှင့် ရပ်ရွာတာဝန်ရှိသူများ၏ အကြံပြုချက်များကို ရယူဆောင်ရွက်နိုင်ရန်အတွက် မူလဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်အစား "မိဘအုပ်ထိန်းသူ၊ ရပ်ရွာတာဝန်ရှိသူများ၏ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံပြုချက်၊ တင်ပြချက်များကို လက်ခံရယူခြင်းနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် သက်တမ်းတိုး ဆောင်ရွက်ရာတွင် အဆင်ပြေ လွယ်ကူမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၇၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)(ခ)နှင့် အပိုဒ် ၁၅၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)(ခ)တို့ကို အပိုဒ် ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)(ခ)နှင့် အပိုဒ် ၁၉၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)(ခ) တို့ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းတို့တွင်ပါရှိသော "ရက်ပေါင်း ၆၀ ကြိုတင်၍" ဆိုသည့်စကားရပ်ကို " ရက်ပေါင်း ၃၀ ကြိုတင်၍" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ အကြံပြု ဆွေးနွေးချက်ဖြစ်သည့် ပုဒ်မ ၉၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) တို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ဟု အသစ် ဖြည့်စွက်လိုချက်သည် ပုဒ်မ ၉ နှင့် ပုဒ်မ ၂၀ ခြေဆင်းတို့တွင် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်လွှမ့ဝန်ထမ်းရုံးသည် ဟု ဖော်ပြပါရှိပြီး ဖြစ်သဖြင့် မြန်မာ သဒ္ဒါရေးထုံးအရ ကတ္တားနှစ်ခု ထပ်ဆင့်ဖော်ပြချက်ဖြစ်သည့်အတွက် ဖြည့်စွက်ရန် မလိုအပ်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောထားရရှိခဲ့ပါသည်။ သို့ရာတွင် ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ယင်းအချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ခံယူလိုပါကြောင်း တင်ပြခဲ့ပါ သည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်း ကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များ၊ ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၏ အကြံပြုချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်နှင့် ပတ်သက်ပြီးတော့ ပထမဦးစွာ တင်ပြလိုပါတယ်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဥပဒေကြမ်းခေါင်းစဉ်ကို ပြင်ဆင်ပါမယ်။

**ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဤဥပဒေကြမ်း၏ ခေါင်းစဉ်ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ - အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၆ ပြင်ဆင်ချက်များကို တင်ပြပါမယ်။

၂။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၏ အမည်ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဥပဒေ”

၃။ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁။	ဤဥပဒေကို ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။"

၄။	ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ) နှင့် (င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ)	မူလတန်းကြိုကျောင်း ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အသက်ခြောက်နှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(င)	မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနက သတ်မှတ် ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကိုဆိုသည်။"

၆။	ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ)	မိဘအုပ်ထိန်းသူ၊ ရပ်ရွာတာဝန်ရှိသူများ၏ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံပြုချက်၊ တင်ပြချက်များကို လက်ခံရယူခြင်းနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊"

အထက်ဖော်ပြပါ ဥပဒေပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။**	။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၈(က)(ခ)(ဂ) ပြင်ဆင်ချက် -

၈။ "၈။(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် နေ့ကလေး ထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုး အမြတ်အလို့ငှာ မဟုတ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြို ကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရမည်။"

ဖော်ပြပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၈(က)(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၈(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပုဒ်မ ၉(က)နှင့် ပုဒ်မ ၂၀(က)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။ ယင်းအချက်နှင့် ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ပုဒ်မ ၉(က)တွင် ပုဒ်မ ၈၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည် ဟု ပြင်ဆင်ထားပြီး ပုဒ်မ ၂၀(က) တွင် ပုဒ်မ ၁၉(က) နှင့် (ခ)တို့အရ လျှောက်ထားချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်ဟု ပြင်ဆင်ထားသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူလိုပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၅၉)မဲ၊ ကန့်ကွက်မဲ(၁၆)မဲ၊ ကြားနေမဲ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၁၁ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၁၄ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)(ခ)(ဂ) ပြင်ဆင်ချက်များကို တင်ပြပါမယ်။

၁၁။ "၁၃။(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တို့အရ တည်ထောင် ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)အရ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သက်ဆိုင်ရာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၄။ "၁၉။(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ရပ်ရွာအခြေပြု လုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ရပ်ရွာအခြေပြု လုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား ရမည်။

(ဂ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုး အမြတ်အလို့ငှာ မဟုတ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြု လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။"

ဖော်ပြပါဥပဒေပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ တွင် ဖော်ပြပါရှိသည့် ပုဒ်မ၁၃၊ ပုဒ်မခွဲ(က)(ခ)၊ အပိုဒ် ၁၄ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)(ခ)၊ အပိုဒ် ၁၄ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီ၏ အပိုဒ် ၁၉ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၂၃ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၃-က ခေါင်းစဉ်ခြေဆင်း၊ အပိုဒ် ၂၅ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၄-က ခြေဆင်း ပြင်ဆင်ချက်

၁၉။ “၂၄။(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) တို့အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”

၂၃။ “၃၃-က။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်-

၂၅။ “၃၄-က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်-

ဖော်ပြပါ ဥပဒေပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) (ခ)၊ အပိုဒ် ၂၃ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၃-က ခြေဆင်း၊ အပိုဒ် ၂၅ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၄-က ခြေဆင်း ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၂၄ ပုဒ်မခွဲ (က)(ခ)၊ အပိုဒ် ၂၃ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၃-က ခြေဆင်း၊ အပိုဒ် ၂၅ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၃၄-က ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ဥပဒေကြမ်း၏ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀) ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းသော အဆိုထဲမှ ပင်လယ်ရေသယံဇာတများနှင့်ပတ်သက်ပြီး ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်တွင် ပင်လယ်ရေသယံဇာတများ တဖြည်းဖြည်းလျော့နည်းလာ၍ ငါးဖမ်းဆီးသူများကလည်း အရွယ်ရောက်ငါးကြီးတွေရော၊ တန်ဖိုးရှိ အရွယ်မရောက်ငါးအသေးလေးများပါ အမြောက်အမြား ရောထွေးဖမ်းဆီးကြ၍ ငါးအငယ်လေးများ ကြီးထွားခွင့်မရတော့ဘဲ တဖြည်းဖြည်း အရွယ်အစား သေးငယ်လာပြီး ကြီးကောင်မဝင်သေးတဲ့ ငါးတွေပါ ဖမ်းမိလာတဲ့အတွက် ငါးတွေအရွယ်အစား သေးငယ်လာပါတယ်။ သေးငယ်တဲ့ငါးတွေပါ တင်ကျန်အောင်ဆိုပြီး ပိုက်ကွန်ကို သေးငယ်အောင် ပြုလုပ်ပြီး ပိုက်ကွန်စိပ်ထဲတွင် လုံးထွေးပြီး ဖမ်းမိကြသဖြင့် ငါးအရွယ်အစားများ သေးငယ်လာပြီး၊ အကြီးငါးတွေ မတွေ့ရတော့ဘဲ သံသရာလည်ပြီး သယံဇာတများ ဆုံးပါးပျောက်ကွယ်သွားကြတာ နိုင်ငံတကာမှာ သင်ခန်းစာယူစရာတွေ အများကြီးတွေ့နေရပါတယ်။ နိုင်ငံတကာ စံချိန်၊ စံညွှန်းနှင့် အညီ ဖမ်းဆီးနေသော နိုင်ငံများနှင့် EU ကဲ့သို့သော နိုင်ငံများရှိ ငါးဖမ်းသင်္ဘောများဟာ ပင်လယ်ထဲမှ ငါးဖမ်းဆီးသောအခါ သတ်မှတ်ထားသော ပိုက်ကွန်များနှင့်သာ ဖမ်းဆီးရသဖြင့် အရွယ်ရောက်ပြီး တန်ဖိုးရှိသော ငါးများသာ ဖမ်းဆီးမိပါတယ်။

ငါးဖမ်းသင်္ဘောရှိ ဒရွတ်ဆွဲပိုက်များတွင်လည်း ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်နိုင်ရန် မလိုအပ်ဘဲ တန်ဖိုးရှိသော ငါးသားပေါက်လေးများ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန် ရောထွေးဖမ်းမိသော ငါးများ၊ ငါးငယ်လေးများ၊ ပင်လယ်လိပ်များ လွတ်မြောက်စေနိုင်သော By catch excluder device ကိရိယာများ တပ်ဆင်မှသာ ဖမ်းဆီးခွင့်ပြုပါတယ်။ သို့မှသာ ငါးနှင့် ရေသယံဇာတများ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ပါတယ်။ သယံဇာတ ယုတ်လျော့ဆုံးရှုံးသွားသော အနီးဆုံး ဥပမာပြရမယ်ဆိုလျှင် ထိုင်းနိုင်ငံသည် ၁၉၆၁-၁၉၆၅ ခုနှစ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပထမဆုံးသော အနာဂတ်တိုးတက်ရေးစီမံချက်အရ အင်အားကြီးမားပြီး ဖမ်းဆီးနိုင်စွမ်းအား မြင့်မားသော စက်အားဖြင့်တွန်းကာ ဖမ်းဆီးနိုင်သော ဒရွတ်ဆွဲ ငါးဖမ်းနည်းများသုံးကာ ဖမ်းဆီးခြင်းကို စတင်မိတ်ဆက်ကာ ဖမ်းဆီးကြသဖြင့် ဖမ်းဆီးနိုင်စွမ်းအား မြင့်မားသောကြောင့် ငါးအထိအမိ သိသာထင်ရှားစွာ တိုးတက်လာပါတယ်။ နိုင်ငံခြားပို့ကုန်ပမာဏမှာလည်း တစ်မျိုးသားလုံးဝင်ငွေ GDP သည်လည်း ထင်ရှားစွာ မြင့်တက်လာပါတယ်။

ထို့ကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ် ငါးထုတ်လုပ်မှုမှာ ၁၉၆၁ ခုနှစ်တွင် မက်ထရစ်တန် (၃၀၅၇၅၀) ထုတ်လုပ်ခဲ့ရာမှ ၁၉၆၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၇၂၀၂၈၂)တန် ထုတ်လုပ်ကာ (၅)နှစ်အတွင်း နှစ်ဆတိုးတက်လာခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်တွင် နှစ်သန်းအထိ တိုးတက်အောင် ထုတ်လုပ်နိုင်ခဲ့ကြသဖြင့် ၁၉၇၇ ခုနှစ်နောက်ပိုင်းတွင် ၎င်းထက်တိုးတက်အောင် ထုတ်လုပ်နိုင်ခြင်း

မရှိဘဲ ငါးသယံဇာတအမြင့်ဆုံး ထုတ်လုပ်နိုင်သည့်ပမာဏထက် ပိုမိုထုတ်လုပ်လာသဖြင့် သယံဇာတများ တဖြည်းဖြည်း ဆုတ်ယုတ်လျော့ပါးပျက်စီးဆုံးရှုံး ကျဆင်းလာသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင်လည်း ထိုင်းနိုင်ငံကဲ့သို့ စွမ်းအားမြင့် ဒရွတ်ဆွဲပိုက်များဖြင့် ငါးဖမ်းဆီးခြင်း၊ အရွယ်အစားသေးငယ်သောငါးများ ပိုမိုဖမ်းဆီးနိုင်အောင် ပိုက်ကွန်ကို သေးငယ်အောင်ပြုလုပ်ပြီး ဖမ်းဆီးခြင်း၊ တန်ဖိုးရှိသော ငါးသားပေါက်များ၊ ငါးငယ်လေးများ လွတ်မြောက်ပြေးနိုင်သည့် By catch excluder device ကိရိယာများ တပ်ဆင်ထားမှုမရှိခြင်း၊ ငါးဖမ်းလှေအတွက် စရိတ်ကျေစေရန် ငါးသေး၊ ငါးမွှား၊ ငါးငယ်လေးများပါမကျန် ဖမ်းဆီးပြီး မွေးမြူရေးကဏ္ဍ၏ လိုအပ်ချက်ဖြစ်သော ကြက်စာ၊ ဘဲစာ၊ ငါးမွေးမြူရေးအစာအဖြစ် ငါးအမှုန့်ကြိတ်ရန် ကုန်ကြမ်းအဖြစ် ဖမ်းဆီးကြသဖြင့် လပိုင်းအတွင်း နိုင်ငံတော်အတွက် အဖိုးထိုက်တန်စွာရရှိမည့် တန်ဖိုးရှိငါးငယ်လေးများ သိန်း၊ သန်းချီကာ ကြက်စာ၊ ဘဲစာ တန်ဖိုးနှင့်သာ နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် ရေသယံဇာတများ အကျိုးမဲ့ဖြုန်းတီးပစ်နေခြင်းကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံတွင် ငါးနှင့်ရေသယံဇာတများ အများဆုံးထုတ်လုပ်နေသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့တွင် လက်ရှိလည်ပတ်နေသော ငါးအမှုန့်ကြိတ်စက်ရုံ(၅)ရုံ ရှိပါတယ်။ ၎င်းစက်ရုံများအတွက် တစ်နေ့တာလည်ပတ်နိုင်ရန် ငါးသားလောင်းများ၊ ငါးသေး၊ ငါးမွှားများဖြစ်သော ကုန်ကြမ်းတန်ချိန်(၃၀၀)ခန့် အသုံးပြုနေရပါတယ်။ တစ်နှစ်လျှင် တန်(၁၀၈၀၀၀)ခန့် အသုံးပြုနေရ၍ လအနည်းငယ်စောင့်ရုံဖြင့် တန်ဖိုးရှိသော ငါးကြီး၊ ငါးကောင်းများဖြစ်လာမည့် ငါးသယံဇာတများ အမြောက်အမြား ဆုံးရှုံးနေရပါတယ်။ ၎င်းစက်ရုံများ လောင်စာအဖြစ် ထင်းကိုလည်း တစ်နှစ်တန်ချိန်(၂၂၀၀၀)ခန့် အသုံးပြုနေရပါသဖြင့် သစ်တောသယံဇာတများလည်း များစွာဆုံးရှုံးမှု ဖြစ်ပေါ်နေရပါတယ်။ ငါးနှင့်ရေသယံဇာတ Value Added ထုတ်လုပ်နေသော နိုင်ငံများ၊ ဥပမာ ထိုင်းနိုင်ငံတွင် ငါးအမှုန့်ထုတ်လုပ်ရန် ကုန်ကြမ်းကို ငါးလေလံဈေးများ၊ Value Added စက်ရုံများမှ ထွက်ရှိလာသော ငါးများ၏ ဘေးထွက်ပစ္စည်းများဖြစ်သော By-Products များ (ခေါင်းများ၊ အရိုးများ၊ အရေများ၊ အမြီးများ)ကိုသာ တိရစ္ဆာန်အစာ အမှုန့်ကြိတ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ နိုင်ငံတကာစံချိန်တွေက ပိုက်ကွက်အကြီးနှင့် ဖမ်းဆီးနေတဲ့ပုံပေါ့။ ငါးအကြီးတွေပဲ မိတဲ့ပုံပါ။ ပိုက်ကွက်အသေးနှင့် မြန်မာပြည်ကို ထိုင်းတို့မှ ဖမ်းနေတဲ့ပုံ ဖြစ်ပါတယ်။ ငါးအသေးမြောက်မြားစွာ ပါနေပါတယ်။ ထိုင်းနိုင်ငံ၊ မဟာချိုင်မှာရှိတဲ့ အဆင့်မြင့် ငါးအမှုန့်စက်ရုံပါ။ ငါးလေလံဈေးလို Value Added ထုတ်တဲ့ စက်ရုံတွေမှ ထွက်လာတဲ့ ငါးအရိုး၊ ငါးခေါင်းတွေနဲ့သာ ငါးအမှုန့်ကြိတ်တဲ့ ကုန်ကြမ်းအဖြစ် အသုံးပြုပါတယ်။ မြိတ်မြို့ရဲ့ ငါးအမှုန့်ကြိတ်စက်ရုံမှ ကုန်ကြမ်းတွေပေါ့။ ငါးအသေး၊ ငါးအမွှားများနှင့် ကုန်ကြမ်းအဖြစ် အသုံးပြုကြိတ်တဲ့အတွက် ငါးကုန်ကြမ်းတွေ ဆုံးရှုံးနေရပါတယ်။ ငါးအသေးလေး ငါးများရဲ့ပုံပါ။ ဒါတွေကြောင့် မြန်မာနိုင်ငံတွင်လည်း ငါးသေး၊ ငါးမွှားများ၊ ငါးသားလောင်းများ လပိုင်းအတွင်း နိုင်ငံတော်အတွက် တန်ဖိုးထိုက်တန်စွာရရှိမည့် တန်ဖိုးရှိ ငါးငယ်လေးများ သိန်းသန်းချီကာ ကြက်စာ၊ ဘဲစာ၊ တိရစ္ဆာန်မွေးမြူရေးအစာ တန်ဖိုးနှင့်သာ ငါးနှင့်ရေသယံဇာတများကို အကျိုးမဲ့ ဖြုန်းတီးပစ်နေခြင်းကို တွေ့ရှိနေရသဖြင့် ရေရှည်ငါးနှင့် ရေသယံဇာတများ ပြန်လည်တိုးတက်လာစေရန် ရေတို၊ ရေရှည် စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါတယ်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

နိုင်ငံတကာမှ စံနှုန်းနှင့်အညီသတ်မှတ်ထားသော ပိုက်ကွက်အကြီးနှင့် ဖမ်းဆီးရမိသော ငါးကြီး၊ ငါးကောင်းများ မြင်ကွင်းပုံ (၁၁)



ငါးလေလံဈေး Value added စက်ရုံများမှ ထွက်ရှိလာသော ငါး၏ဘေးထွက်ပစ္စည်းများဖြစ်သော By-product များ(ငါးခေါင်းများ၊ အရိုးများ၊ အရေခွံများ၊ ငါးအမြီးများ) မြင်ကွင်းပုံ (၁၁-၁)



မြိတ်မြို့ ငါးအမှုန့်ကြိတ်စက်ရုံရှိ ကုန်ကြမ်းများ (တန်ဖိုးရှိသော ငါးသားလောင်းများ ငါးသေး၊ ငါးမွှားများ)၏ မြင်ကွင်းပုံ (ခခ-၂)



**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ အဆိုအား အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ သဘာဝသယံဇာတများဖြစ်တဲ့ သစ်တောကအစ ရေထွက်ပစ္စည်းအလယ်၊ တွင်းထွက်ပစ္စည်းအဆုံး ပျက်စီးဆုံးရှုံးနေမှုများနှင့် ပတ်သက်၍ လွှတ်တော်အသီးသီးမှ မေးခွန်းများစွာတို့နှင့် တင်ပြနေသည့်ကြားကနေပြီးတော့ ဆက်လက်ဆုံးရှုံး နေမှုများ ဖြစ်ပေါ်နေခြင်းအပေါ် စိုးရိမ်စိတ်ကြောင့် ယခုလို အဆိုအဖြစ် တင်သွင်းလာခြင်း ဖြစ်တယ်လို့ ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ တာဝန်ယူထားတဲ့ မဲဆန္ဒနယ်မြေမှာ သုံးမြို့နယ်ရှိတဲ့အနက်က ပေါက်ခေါင်းမြို့နယ်ဟာ ပဲခူးရိုးမနှင့် ဆက်စပ်နေပြီးတော့ ပန်းတောင်းမြို့နယ်ကတော့ ရခိုင်ရိုးမနှင့် ဆက်စပ်နေတဲ့မြို့နယ်တွေ ဖြစ်ခြင်းကြောင့် သစ်တောသယံဇာတများ ပျက်စီးဆုံးရှုံးနေမှုနှင့် စပ်လျဉ်း၍ အလေးထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးခင်က သတင်းဌာနတစ်ခုရဲ့ အစီအစဉ် တစ်ခုမှာ တင်ပြချက်အရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ သစ်တောပြုန်းတီးမှုအများဆုံး (၃)နိုင်ငံထဲမှာ ပါနေပါတယ်။ ၁၉၉၀ ခုနှစ်မှာ သစ်တောဖုံးလွှမ်းမှုဧရိယာက (၅၈)ရာခိုင်နှုန်းရှိရာမှ ၂၀၀၀ ခုနှစ်မှာ

(၅၁.၅၄)ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ (၄၉.၂၅)ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်မှာ (၄၇)ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာကျတော့ (၄၂.၉၂)ရာခိုင်နှုန်းအထိ အသီးသီးကျဆင်းလာကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရပါတယ်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားမှာဆိုရင် တစ်နှစ်ပျမ်းမျှ သစ်တောဆုံးရှုံးမှုဟာ ဟတ်တာပေါင်း(၅၄၆၀၀၀) ရှိပါတယ်။ တောပျက်နှုန်းဟာ ဆိုလို့ရှိရင် ၂၀၁၀ ရှေ့က (၀.၅၅)ရာခိုင်နှုန်းကနေ ယခုအချိန်မှာဆိုရင် (၁.၇)ရာခိုင်နှုန်းအထိ ကြောက်ခမန်းလိလိ တိုးလာကြောင်းသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို မြန်မာ့သစ်တောများ ပြုန်းတီးလာရခြင်းဟာ လူဦးရေတိုးပွားလာခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ စွမ်းအင်လောင်စာအဖြစ် အသုံးပြုခြင်းတို့အပြင် အထူးသဖြင့်ကတော့ တရားမဝင် မှောင်ခိုသစ်ထုတ်လုပ်မှုကြောင့်ဖြစ်တယ်လို့ လေ့လာတွေ့ရှိရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ဆိုပါတယ်။ ယခုလိုဖြစ်ပေါ်နေတဲ့ သစ်တောပြုန်းတီးမှုတွေကြောင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစပြီးတော့မှ သစ်အလုံးလိုက် ပြည်ပသို့တင်ပို့နေမှုကို ပိတ်ပင်ထားခဲ့သော်လည်းပဲ သစ်တောပြုန်းတီးမှုနှင့် သစ်မှောင်ခိုဖမ်းမိမှုတွေကတော့ ရပ်တန့်မသွားသေးပါဘူး။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ပေါက်ခေါင်းမြို့နယ်မှာ ကြိုးဝိုင်း(၉)ခုရှိပြီးတော့ ဧကပေါင်း (၁၅၆၂၁၅)ရှိတယ်။ ပန်းတောင်းမြို့နယ်မှာတော့ ကြိုးဝိုင်း(၇)ခုနှင့် ဧရိယာဧက(၃၁၅၀၀၀) ခန့်ရှိပါတယ်။ တရားမဝင် သစ်ခိုးထုတ်မှုများဟာ မကြာခဏရှိပြီးတော့ နှစ်စဉ်ပျမ်းမျှတန်ချိန် (၂၀၀) ကျော်ခန့် ဖမ်းဆီးရမိနေပါတယ်။ မမိသောဖြစ်စဉ်များကတော့ ဒီထက်ပိုနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ တစ်နိုင်ငံလုံးသစ်ထုတ်လုပ်မှုကို တစ်နှစ်ရပ်ဆိုင်းခဲ့သလို ပဲခူးရိုးမသစ်ထုတ်လုပ်မှုကို ဆယ်နှစ် ရပ်ဆိုင်းထားခဲ့သော်လည်းပဲ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း တရားမဝင် သစ်ဖမ်းဆီးရမိမှုတန်ချိန်ဟာ ငါးသောင်းကျော်ခဲ့ရာ များပြားသောပမာဏ ရှိနေဆဲဆိုတာ ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သစ်တောများ ပျက်စီးဆုံးရှုံးမှုနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲတွေ ပျက်စီးဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအမျိုးမျိုးပေါ်ပေါက်လာမှု၊ သဲကန္တာရများဖြစ်ထွန်းမှု၊ မြေဆီမြေသြဇာများပျက်စီးမှု စတဲ့ နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်လာမှာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက် သစ်တောသယံဇာတ ပျက်စီးပြုန်းတီးမှု ကမ္ဘာမှာ တတိယအများဆုံးနိုင်ငံအဆင့်မှ ပြန်လည်ရုန်းထွက်နိုင်ရန် သစ်တောထိန်းသိမ်းရေးဟာ ပိုပြီးထိရောက်ခိုင်မာတဲ့ နည်းတွေနဲ့ လုပ်ဆောင်ရန် အရေးကြီးလိုအပ်နေပါပြီလို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ကျွန်တော့်အနေဖြင့် အကြံပြုလိုတာကတော့ ပထမအချက်အနေနဲ့ သစ်တောစိုက်ခင်းများအတွက် မူဝါဒဖြင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကျေးရွာပိုင်စိုက်ခင်းများ၊ အစုအစပ်ပိုင်စိုက်ခင်းများ၊ သီးနှံသစ်တောရောနှော စိုက်ခင်းများ၊ အစိုးရတည်ထောင်သော စီးပွားရေးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများ အစရှိတဲ့ စိုက်ခင်းများကို အောင်မြင်အောင် လူထုပါဝင်ပူးပေါင်းမှု ပိုရှိလာအောင် စနစ်တကျစိုက်ပျိုးသင့်ပါတယ်။ သို့မှသာ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာပြီးတော့ ဇီဝမျိုးစိတ်များ ပြန်လည်ရှင်သန် ကျက်စားလာကာ သဘာဝဘေးအန္တရာယ်များကိုလည်း ထိန်းသိမ်းလာနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ သစ်တောဥပဒေရဲ့ ပြစ်မှု၊ ပြစ်ဒဏ်များမှာ စီးပွားဖြစ်တရားမဝင် သစ်ထုတ်လုပ်မှုနှင့် အများပြည်သူသုံး သာမန်ထုတ်လုပ်မှုတွေအတွက် ပြစ်ဒဏ်များကို ခွဲခြားထားသင့်ပါတယ်။ တတိယအချက်ကတော့ သစ်တောပြုန်းတီးမှုတွေကို ကာကွယ်ရာမှာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများရဲ့ ပူးပေါင်းပါဝင်မှု၊ ဒေသဆိုင်ရာသစ်တောတာဝန်ရှိသူများအပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံး ယခုထက် ပိုမိုပြီးတော့ ပေါင်းစပ်ချိတ်ဆက်ကာ လူထုရဲ့သတင်းပေးမှုအပေါ်မှာ အလေးထားဆောင်ရွက်ရန် လိုအပ်ပါတယ်။ စတုတ္ထအချက်အနေနဲ့ ကတော့ ခွင့်ပြုထားတဲ့ သစ်တောစိုက်ခင်းများကို စည်းကမ်းချက်များနှင့် ညီ၊ မညီ ပြန်လည်စိစစ်သင့်ပါတယ်။

အချုပ်အားဖြင့် နိုင်ငံတော်ရဲ့ မြေသယံဇာတ၊ ရေသယံဇာတ အပါအဝင် သဘာဝသယံဇာတများအားလုံး ပျက်စီးပြုန်းတီးမှုမရှိစေရန် တစ်မျိုးသားလုံး ကာကွယ်ထိန်းသိမ်းသွားနိုင်မှ သဘာဝဘေးအန္တရာယ်အသီးသီးမှ ကာကွယ်နိုင်မှာဖြစ်သလို နိုင်ငံသားတို့ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ခြင်းကြောင့် အဆိုရှင်ရဲ့ အဆိုအား အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၅။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ ဦးဖေချစ်ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ သဘာဝသယံဇာတနှင့် ရေမြေ သဘာဝမျိုးစုံ၊ ဇီဝဂေဟစနစ်မျိုးစုံ ပေါင်းစပ်တည်ရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် တစ်ခုတည်းသောရေခဲတောင်ရှိတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ထိန်းသိမ်းနိုင်မယ်ဆိုလို့ရှိရင် အရှေ့တောင်အာရှမှာသာမက ကမ္ဘာမှာရှားပါးပျောက်ကွယ်နေတဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဇီဝဂေဟစနစ်မျိုးစုံကို မြန်မာနိုင်ငံမှာ သာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆင်ကိုရတနာတစ်ပါးအဖြစ် လက်ခံတန်ဖိုးထားကြတာဟာ ရှေးယခင်ဘုရင်များခေတ်ကစလို့ အခုတိုင်ပဲ ဖြစ်ပါတယ်။ ဆင်တွေကို လိမ်မာယဉ်ကျေးအောင် သင်ကြားပေးပြီးတော့ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုလာတာဟာ ခေတ်အဆက်ဆက်ပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ တောဆင်ရိုင်းတွေကို အရေခွံခွာယူဖို့အတွက် တစ်ပတ်မှာ တစ်ကောင်နှုန်းသတ်ဖြတ်ခြင်း ခံနေရပါတယ်။ အရင်

က အစွယ်အတွက်သာ ဆင်ထီးတွေကို သတ်ဖြတ်တာကနေပြီးတော့ အခုအချိန်မှာ အရေခွံအတွက်ကို ဆင်အမတွေရော၊ ဆင်သားပေါက်လေးတွေကအစ မျိုးတုံးသတ်ဖြတ်နေတဲ့ အတွက်ကြောင့် ဒီအတိုင်း ဆက်သွားနေမယ်ဆိုရင် နှစ်အနည်းငယ်အတွင်းမှာ မြန်မာနိုင်ငံက တောဆင်ရိုင်းတွေ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဆင်ရဲ့အရေပြားအပါအဝင် ဆင်ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေဟာ ဈေးကွက်တွေမှာ ဝယ်လိုအားမြင့်မားနေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ ဆင်တွေကို အမဲလိုက်သတ်ဖြတ်ရာ အဓိက နေရာတစ်နေရာ ဖြစ်လာပါတယ်။ ပုံမှန်အားဖြင့် ဆင်တွေကို အဆိပ်လူးမြား ဒါမှမဟုတ်လို့ရှိရင် အားပြင်းတဲ့ ရိုင်ဖယ်သေနတ်တွေနဲ့ ပစ်ခတ်သတ်ဖြတ်နေကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ သားရေတွေကို ခွာယူခြင်းမခံရမီ ဆင်တွေဟာ မချိမဆံ့ဝေဒနာကို တမြည့်မြည့်ခံစားရင်းနဲ့ သေဆုံးကြရပါတယ်။ ၎င်းတို့ရဲ့ သားရေတွေ၊ အစွယ်တွေနဲ့ တခြားခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ပြည်တွင်း၊ ပြည်ပကို တင်ပို့ရောင်းချပါတယ်။

နယ်စပ်မြို့တွေဖြစ်တဲ့ မူဆယ်၊ မုန်းလားဒေသတွေမှာ တောရိုင်းတိရစ္ဆာန်တွေရဲ့ အစိတ်အပိုင်းတွေကို မှောင်ခိုတရားမဝင် ရောင်းဝယ်ဖောက်ကားနေကြတာ မကြာခဏသတင်းတွေမှာ တွေ့ကြရပါတယ်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းတွေကို ရာဇဝတ်အဖွဲ့အစည်းတွေက ဒေါ်လာဘီလီယံနဲ့ချီသုံးပြီးတော့ လည်ပတ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန် ပေါများနေဆဲဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံ အပါအဝင် ထိုင်း၊ လာအို၊ တရုတ်နိုင်ငံတွေရဲ့ နယ်စပ် ထိစပ်နေတဲ့ မှောင်ခိုပစ္စည်းတွေကို နည်းလမ်းမျိုးစုံနဲ့ ရောင်းဝယ်ဖောက်ကားမှုပြုတဲ့ ရွှေတြိဂံနယ်မြေတွေ တည်ရှိနေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံဟာ ဤတရားမဝင် ကုန်သွယ်မှုဒဏ်ကို အထူးတလည် ထိခိုက်ခံစားနေရတာဖြစ်ပါတယ်။ ဆင်သားရေတွေကို တရားမဝင် ကုန်သွယ်နေကြတာ ကြာပြီဖြစ်ပေမယ့်လည်း ယခုနှစ်ပိုင်းထဲမှာ ပိုမိုပြီးတော့မြင့်တက်လာတာကို တွေ့ရပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ ၂၀၁၆ ခုနှစ်မှာ တောဆင်ရိုင်း(၁၈)ကောင်အထိ သတ်ဖြတ်ခံခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ သတ်ဖြတ်ခံရတဲ့ တောဆင်ရိုင်းကောင်ရေဟာ (၃၀)အထိမြင့်တက်လာခဲ့ပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံမှာ တောဆင်ရိုင်းကောင်ရေဟာ (၁၄၀၀) မှ (၂၀၀၀)ကြားပဲ ရှိပါတော့တယ်။ အဲဒါဟာ ဆိုလို့ရှိရင် ၁၉၉၀ ခုနှစ်မှာရှိခဲ့တဲ့ ဆင်ကောင်ရေ(၁၀၀၀၀)နဲ့ နှိုင်းယှဉ်လို့ရှိရင် အင်မတန်မှ နည်းပါးလာတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီနှစ်စပိုင်းမှာလည်းပဲ ဧရာဝတီတိုင်းဒေသကြီးမှာ ဆင်ရုပ်ကြွင်း (၂၀)ကျော်ကို သတ်ဖြတ်ထားတဲ့ ဒီ ဆင်(၂၀)ကျော်ကို တွေ့ရှိခဲ့ရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံက အာရှဆင်တွေရဲ့ အနာဂတ်ဟာ အင်မတန်မှ စိုးရိမ်စရာအနေအထားဖြစ်ပါတယ်။ အာဆီယံကလည်းပဲ ကျွန်မတို့ လွှတ်တော်ကို စာပို့ပြီးတော့ ဒီ ဧရာဝတီတိုင်းဒေသကြီးမှာ အာရှဆင်တွေ သတ်ဖြတ်ခံရတဲ့ အကြောင်းကို သူတို့ သတင်းပို့ထားပါတယ်။

Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ မြန်မာနိုင်ငံမှာရှိတဲ့ အာရှဆင်တွေ ဖြစ်ပါတယ်။ ဒါကတော့ ဧရာဝတီတိုင်းဒေသကြီးမှာ သတ်ဖြတ်ခံရတဲ့ ဆင်(၂၀)ကျော်ဖြစ်ပါတယ်။ ဒါကတော့ အခု တရုတ်နိုင်ငံမှာ ခေတ်စားနေတဲ့ ဆင်သားရေ ပုတီးလုံးတွေ ဖြစ်ပါတယ်။ ဘယ်သူက အစပြုလိုက်လဲတော့ မသိပါဘူး။ အခု အင်မတန်မှ ခေတ်စားပြီးတော့ ဒီ ဝယ်လိုအားတွေ အရမ်းမြင့်တက်နေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ဆင်တွေကို တရားမဝင် သတ်ဖြတ်လာတာက ဒီနှစ်ပိုင်းအတွင်းမှာ အင်မတန်မှ


မြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ CSO တွေ ပြုလုပ်တဲ့ ဒီဆင်တွေကို သတ်ဖြတ်မှုကနေ ကင်းဝေးအောင် တိုက်တွန်းအားပေးမှုတွေ Advocate တွေဖြစ်ပါတယ်။ ဒါကတော့ အခု CSO တွေ ပြုလုပ်နေပါတယ်။ သူတို့ကတော့ ၂၀၃၀ ခုနှစ်မှာ မြန်မာ့ဆင်တွေ မျိုးတုံးတော့မယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒါကြောင့်မို့လို့ Signature campaign တွေ ပြုလုပ်နေတာဖြစ်ပါတယ်။

သို့ပါသောကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အများပြည်သူ သတိပြုမှု မြင့်တက်စေရန် တိုက်တွန်းအားပေးမှုတွေ ပိုမိုခိုင်မာလာစေရန် ဆင်အပါအဝင် တခြားတောရိုင်းတိရစ္ဆာန်တွေနဲ့ ၎င်းတို့ရဲ့ အစိတ်အပိုင်းတွေ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန် ခိုင်မာတဲ့ ဥပဒေ ထိရောက်စွာအရေးယူမှုများ ပြုလုပ်ခြင်းအားဖြင့် အချိန်မီ ကယ်တင်နိုင်ရန် တိုက်တွန်းဆွေးနွေးလိုက်ရပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မြန်မာနိုင်ငံရှိ အာရှဆင်၏ အနာဂတ် မြင်ကွင်းပုံ (၈၈)



ဧရာဝတီတိုင်းဒေသကြီးတွင် တွေ့ရှိရသော အာရှဆင်ရုပ်ကြွင်း ၂၀ ကျော် မြင်ကွင်းပုံ (၈၈-၁)



ဆင်သားရေ ပုတီးလုံး မြင်ကွင်းပုံ (၈၈-၂)



**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ကိုယ်တွေ့ကြုံရသည်များနှင့် ဆက်စပ်တွေးခေါ် ထောက်ခံဆွေးနွေး အကြံပြုသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အရှေ့မှာ ဆွေးနွေးခဲ့ကြသော ကိုယ်စားလှယ်များမှာလည်း သူ့ကဏ္ဍနှင့် သူ့အတွေ့အကြုံ၊ သူ့အရပ်ဒေသ အခြေအနေ အရပ်ရပ်အား တင်ပြပြီး ဆွေးနွေးသွားကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းတည်ဆောက်ပုံအနေအထား၊ သဘာဝကိုက ကောင်းမွန်ပါလျက် ရေချိုမြစ်ဆိုလျှင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း မြစ်(၄)စင်း၊ ကုန်းကြောင်း၊ ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အနေအထား၊ ရွှေ၊ မိုး၊ ဆောင်း ဥတု(၃)မျိုးဖြစ်တဲ့နိုင်ငံ၊ သဘာဝသယံဇာတတွေက သူ့နေရာနှင့်သူ ရှိပြီးသား။

ဥပမာ သစ်တောကဏ္ဍဆိုရင် အလယ်ရိုးမ၊ ပဲခူးရိုးမ၊ အနောက်ရိုးမ၊ အရှေ့ရိုးမ၊ မေယုတောင်တန်း၊ ဒေါနတောင်တန်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တောင်တန်းများ တစ်နိုင်ငံလုံး နေရာဒေသအနှံ့အပြား မှာရှိသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ၊ ရေသယံဇာတကျတော့ မြိတ်ကျွန်းစု၊ တနင်္သာရီ ကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ပေါ်ကျတော့၊ မြစ်ဝကျွန်းပေါ်ကျတော့ ရေချို၊ ရေငန်ရပ်ဝန်း နှစ်မျိုး၊ မိုးကုတ်ကျတော့ ပတ္တမြား၊ ဖားကန့်ကျတော့ ကျောက်စိမ်း၊ ရွှေအများဆုံးထွက်တာက မိုးထိမိုးမိ၊ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်း၊ တနိုင်းဒေသ နေရာအစုံ၊ ဥရုချောင်းဖျားမှ ဟုမ္မလင်းဒေသ၊ ဒေသ အနှံ့အပြားမှာ ထွက်ရှိသလိုပါပဲ။ ရေနံ၊ သဘာဝဓာတ်ငွေ့ကျတော့ မကွေး၊ ပဲခူး၊ ရခိုင်ပြည်နယ်နှင့် မုတ္တမ ကမ်းလွန် ပင်လယ်ပြင်တို့မှာ တွေ့ရှိရပါတယ်။ ဒါပေမယ့်လို့ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဖို့ကျတော့ စီမံဆောင်ရွက်မှုအားနည်းခဲ့လို့ ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲဆုံးအဆင့်ထဲ ရောက်ခဲ့ရလို့ အရေးကြီးဆုံး သယံဇာတဖြစ်တဲ့ လူဆိုတဲ့ သယံဇာတတွေ သူ့တစ်ပါးနိုင်ငံသွားပြီး အလုပ်လုပ်နေကြရတာကိုက ဝမ်းအနည်းဆုံးပါပဲ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့်ကတော့ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ကာလ(၃)ခုမှာ အတိတ်ရဲ့အမှားမျိုး မဖြစ်စေရန် ယနေ့ပစ္စုပ္ပန်တည့်တည့် ရှေးရှုပြီး တစ်ဦးချင်း အသိစိတ်ဓာတ်နဲ့ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆောင်ရွက် ကြရပါမယ်။ ဒါကြောင့်ဖြစ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်ထောင်စု အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအားလုံး သဘာဝသယံဇာတ အရင်းအမြစ် များကို ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။ ကာကွယ်ဖို့ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ယူဆောင်ရွက်ရန် ပေးအပ်ထားသည့် ဝန်ကြီးဌာနများနှင့် နှီးနွယ်ဆက်စပ်နေသော အစိုးရ ဝန်ကြီးဌာနများမှ ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့်ကတော့ လက်နက်ကိုင် နယ်စပ်အဖွဲ့အစည်းများအကြား နေရတာ မဟုတ်တော့ မိမိမဲဆန္ဒနယ်မြေနှင့် နိုင်ငံအတွင်း လက်လှမ်းမီသလောက် ပတ်ဝန်းကျင်ကို ထိန်းသိမ်း ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့အားလုံး ကာယအားဖြင့် မဆောင်ရွက်နိုင်ပါက ဉာဏအားဖြင့် ဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေရောက်လျှင် သစ်ပင် မခုတ်ကြဖို့၊ မိမိကိုယ်တိုင် တစ်ဦးချင်း ပြန်လည်ဆန်းစစ်ကြည့်ဖို့ သစ်ပင် ဘယ်နှစ်ပင် စိုက်ခဲ့ဖူးသလဲ။ ဘယ်နှစ်ပင်ခုတ်ခဲ့ဖူးသလဲ။ တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဘယ်နှစ်ပင်ခုတ်ခဲ့ဖူးသလဲလို့ ပြန်လည်ဆန်းစစ်ကြည့်ဖို့ ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်ကတည်းက သင်ခဲ့ရတဲ့ သရက်ပင်စိုက်တဲ့ အဖိုးအိုအကြောင်းနဲ့ ဥပမာပေးပြီး ပြောပြပါတယ်။ အဖိုးအိုက သရက်ပင်စိုက်နေပေမဲ့ ဒီအပင်ကအသီး သူစားဖို့ မဟုတ် ပါဘူး။ နောင်လာနောက်သားတွေစားဖို့ သရက်ပင်စိုက်နေတာဖြစ်ကြောင်း ကျွန်တော်တို့လည်း သစ်ပင်စိုက်မယ်။ တခြားသဘာဝသယံဇာတတွေ စည်းမဲ့ကမ်းမဲ့ မတူးဖော် မလုပ်ကိုင်ခဲ့ရင် ကျွန်တော် တို့ရဲ့မြေးမြစ်တွေအတွက် သဘာဝသယံဇာတအမွေ ချန်ထားရစ်ခဲ့နိုင်ပါလိမ့်မယ်။

ပြီးခဲ့တဲ့ အတိတ်ကာလ ဘယ်သူတွေ ခုတ်ခဲ့၊ ခုတ်ခဲ့ ဒီနေ့ ကျွန်တော်တို့အားလုံး သစ်ပင် ပြန်စိုက်မှရမှာပါ။ ကျေးလက်နေ စိုက်ပျိုးရေးတောင်သူများ မိုးရေအားကိုးစိုက်ပျိုးနေရတာ၊ ဥတုရာသီ

တောကိုမှီ ဆိုသလိုပါပဲ။ တောမရှိရင် ရာသီမမှန်နိုင်ပါဘူး။ ကျေးလက်နေပြည်သူများ စုပေါင်းပြီး အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ သီးနှံရောနှောစိုက်ခင်းများ စိုက်နိုင်ကြောင်း အသိပေးဖို့ လိုအပ်သလိုပါပဲ။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများမှလည်း သီးပင်၊ ပျိုးပင်၊ မျိုးစေ့များ အခမဲ့ဖြန့်ဝေနိုင်စေရန်လည်းကောင်း၊ ဝန်ထမ်းများ တိုးချဲ့ခန့်ထားစေရန်သော်လည်းကောင်း၊ ဘတ်ဂျက်အသုံးစရိတ်များ ရရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး သစ်တော၊ သစ်ပင်၊ ရေသယံဇာတ၊ ကျောက်သံပတ္တမြား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သက်ရှိ၊ သက်မဲ့ သယံဇာတအားလုံးကို ကာယအားဖြင့် ထိန်းသိမ်းသလို ဉာဏအားဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများဖြင့်လည်း ထိန်းသိမ်းနိုင်အောင် ကြိုးစားရပါမယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကာကွယ်စောင့်ရှောက်ဖို့ကျတော့ ကျွန်တော်တို့ လုပ်နိုင်သလောက်က နည်းပါးပါတယ်။ ကျွန်တော် လက်တွေ့တွေ့ကြုံရတဲ့အခြေအနေနဲ့ တင်ပြပါမယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေ မကွေးမြို့နှင့် (၂၁)မိုင်ဝေးတဲ့ ပေပင်စမ်းကျေးရွာ သစ်ပင်ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း၊ တိရစ္ဆာန်၏ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်နှင့် မကွေးတက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များ၊ သစ်တောဦးစီး၊ အရာထမ်း၊ အမှုထမ်း၊ ရဲဝန်ထမ်းများ၊ စိုက်ပျိုးရေးဝန်ထမ်းများ အပါအဝင် သွားရောက်လေ့လာစုံစမ်းခဲ့တဲ့ အရှည်က(၁၀၂)ပေ၊ ခါးလုံးပတ်က(၁၂)ပေ၊ အရင်းပိုင်းက(၂၂)ပေ (၆)လက်မရှိတဲ့ အပင်၏ကျောက်ဖြစ်ရုပ်ကြွင်း၊ ဆင်၊ မိကျောင်း တိရစ္ဆာန်များ၏ကျောက်ဖြစ်ရုပ်ကြွင်း အင်မတန်ရှားပါတယ်။ ဒီလောက်ကြီးမားတဲ့ အပင်၏ကျောက်ဖြစ်ရုပ်ကြွင်း ဘူမိဗေဒပညာရှင်များကလည်း မတွေ့ဖူးပါဘူးလို့ ဆိုပါတယ်။ ကျွန်တော်တို့ရဲ့ အလယ်ပိုင်း၊ အပူပိုင်းဒေသများမှာ ယခင်က ဒီလို အပင်မျိုးတွေ ရှိခဲ့ဖူးတယ်။ အခုတော့ မရှိတော့ပါဘူး။ ထိန်းသိမ်းတတ်ဖို့ နောင်လာနောက်သားတွေကို စံနမူနာပြဖို့ရာ နိုင်ငံတော်မှ တာဝန်ယူထိန်းသိမ်းထားစေချင်သော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရ၊ ဘယ်အစိုးရဌာနကမှ မဆောင်ရွက်ခဲ့ကြပါဘူး။

နောက်တစ်ခါ သဘာဝသယံဇာတ၊ တိရစ္ဆာန်၊ အရင်းအမြစ် အရေးကြီးကုန်စည်မှာပါတဲ့ ခိုင်းနွား၊ တရားမဝင် မှောင်ခိုတင်သွင်းမှု ကျွန်တော့်ကို ပြည်သူအချို့ တင်ပြလာပါတယ်။ နွားတင်ဆောင်လာသည့်ကားကို ဖမ်းဆီးပေးဖို့၊ အဲဒီမှာ ကျွန်တော် သူတို့ပြောတဲ့စကားတစ်ခွန်းက ဆရာတဲ့ တခြားဘယ်အဖွဲ့အစည်းကိုမှ အကြောင်းမကြားပါနှင့်။ ဆရာသာလာခဲ့ပါဟု ဆိုတဲ့စကား ကျွန်တော့်အနေဖြင့် စဉ်းစားပြီး နီးစပ်ရာရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကို လာရောက်ရန် အကြောင်းကြားပြီး တိုင်းဒေသကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုလည်း အကြောင်းကြားခဲ့ပါတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာ နွားတင်ဆောင်တဲ့ကားသည် ကားထွက်မယ့်အချိန်ဖြစ်နေပါတယ်။ စက်ကို ရပ်ခိုင်းပြီးတော့ သက်ဆိုင်ရာ အထောက်အထားစာရွက် မပါဘူးဆိုတော့ တိုင်းဒေသကြီးဝန်ကြီးနဲ့ ကျွန်တော်က ရဲစခန်းအကြောင်းကြားပြီး တရားမဝင် သယ်ဆောင်လာသည့် ကားအား ဖမ်းဆီးခိုင်းခဲ့ပါတယ်။ ကားပေါ်ပါလာသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အဖွဲ့ဝင်များ ကားကိုထားပြီး ထွက်ပြေးကြလို့ ပိုင်ရှင်မဲ့အဖြစ် ကားနှင့် ခိုင်းနွားအကောင်(၃၀)ကို ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကိုယ်စား နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သဘာဝသယံဇာတကို ထိန်းသိမ်းဖို့ပဲ

တတ်နိုင်ပါလိမ့်မယ်။ ဖမ်းဆီးလို့ မရနိုင်ပါဘူး။ ဒါကြောင့် ကာကွယ်စောင့်ရှောက်ဖို့ကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနများမှသာလျှင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ၅-၁၂-၂၀၁၇ ရက်နေ့ နံနက်ပိုင်း(၄)နာရီခန့်အချိန် စပါးခွံအိတ်များဖုံး၍ သစ်များသယ်ဆောင်လာသော မော်တော်ယာဉ်သည် ဒေါင်းနေတံတား လမ်းချော်ပြီး ဒေါင်းနေချောင်းထဲ ထိုးကျသဖြင့် ယာဉ်မောင်း၏ အမျိုးသမီးဟုယူဆရသူတစ်ယောက် သေဆုံးနေသည်ကိုတွေ့ရှိရပြီး ကျန်သောသူများ ထွက်ပြေးကြကြောင်း သိရှိရပါတယ်။ မိမိဇနီး သေဆုံးနေသည်ကို စွန့်လွှတ်ခဲ့ရသည့်ဘဝ၊ ဘယ်လောက် လောဘမောဟတွေဖုံးလွှမ်းနေကြပြီလဲ။ ကားပေါ်မှာ ကားနံပါတ်ပြားအပိုများလည်းတွေ့ရှိရကြောင်း၊ ကျွန်တော် အဓိကပြောချင်တာကတော့ မည်သူမျှ ဖမ်းဆီးလို့မိတာမဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ဖမ်းဆီးမိတာပါ။ ဖမ်းဆီးမမိတဲ့ ဒီလိုအခြေအနေမျိုး ကျွန်တော်တို့ အရပ်ဒေသမှာတောင်ရှိနေလျှင် နယ်စပ်ဒေသများမှာ ဘယ်လောက်အထိ များပြားနေပြီလဲ။ တိုင်းပြည်ရှေ့ရေးအတွက် မစဉ်းစားဘဲ လောဘမောဟတွေဖုံးလွှမ်းနေကြပါပြီလား မေးမြန်းစရာပါ။ လက်ညှိုးပေါင်းတစ်ထောင် ခုတ်ဖြတ်သည့် အင်္ဂုလိမာလတစ်ချောင်းခုတ်ဖြတ်ဖို့ကျန်မှ ပုဂ္ဂိုလ်ထူးနဲ့တွေ့လို့ ကျွတ်တန်းဝင်သလို နှီးနွှယ်ဆက်ဆံ လုပ်ကိုင်ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များအားလုံး မိမိကိုယ်ကို အသိတရားရကြပြီးတော့ နိုင်ငံတော်ရဲ့ သယံဇာတများ လက်ရှိအနေအထား ဘယ်လောက်ပင်ကျန်ကျန် ထိန်းသိမ်းဖို့လိုနေပါပြီ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာက သဘာဝကိုအလေးမမူရင်၊ တစ်နည်းအားဖြင့် သဘာဝသယံဇာတကို စည်းမဲ့ကမ်းမဲ့ ထုတ်ယူအသုံးပြုရင် သဘာဝက ဒဏ်ခတ်တာကို ကျွန်တော်တို့ ခံရပါလိမ့်မယ်။ သစ်ပင်သစ်တော၊ ကျောက်မျက်သယံဇာတ အလွန်တူးဖော်လို့ ဂေဟစနစ်တွေပျက်စီး၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေ တိမ်ကောပျောက်ကွယ်သွားတာ အားလုံးအသိပါ။ မြေအောက်၊ ရေအောက်၊ ရေနံသဘာဝဓာတ်ငွေ့တွေ ထုတ်လွန်းလို့ ဆူနာမီဖြစ်ခဲ့သလို သစ်ပင်၊ လမုပင်၊ ဒီရေတောများ မရှိတော့လို့ နာဂစ်မုန်တိုင်းကြောင့် ကျွန်တော်တို့နိုင်ငံခံခဲ့ရပါပြီ။ ကမ္ဘာ့နိုင်ငံအချို့မှာလည်း ကပ်ဆိုးတွေ ကြုံခဲ့ဖူးပါပြီ။

ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ၏ အဆိုသည် ကျယ်ပြန့်သော်လည်း တိုင်းရင်းသားများအားလုံးပါဝင်သည့် နိုင်ငံသူ၊ နိုင်ငံသားများနှင့် တာဝန်ယူ၊ တာဝန်ခံ အုပ်ချုပ်နေသော ပြည်ထောင်စုအစိုးရတို့ ပူးပေါင်းဆောင်ရွက်ကြကာ နိုင်ငံ့အတွင်း သဘာဝသယံဇာတအရင်းအမြစ်များကို ထုတ်လုပ်ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းကြပြီးတော့ စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်တာဝန်ယူစောင့်ရှောက်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း အဆိုကို ထောက်ခံဆွေးနွေး အကြံပြုအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မကွေးမြို့၊ ပေပင်စမ်းကျေးရွာအုပ်စု၊ ပေပင်စမ်းကျေးရွာ၏ အနောက်ဘက်(၄)ဖာလုံခန့် အကွာအဝေးတွင် တူးဖော်တွေ့ရှိရသော အရှည်(၁၀၂)ပေ၊ ထိပ်ဖျားလုံးပတ်(၁၂)ပေ၊ အရင်းက(၂၂)ပေ (၆)လက်မ ရှိသော အင်ကြင်းကျောက်တုံး၏ မှတ်တမ်းဓာတ်ပုံများ မြင်ကွင်းပုံ (ဃဃ)




မကွေးမြို့၊ ပေပင်စမ်းကျေးရွာအုပ်စု၊ ပေပင်စမ်းကျေးရွာ၏ အနောက်ဘက်(၄)ဖာလုံခန့် အကွာအဝေးတွင် တူးဖော်တွေ့ရှိရသော အရှည်(၁၀၂)ပေ၊ ထိပ်ဖျားလုံးပတ်(၁၂)ပေ၊ အရင်းက(၂၂)ပေ (၆)လက်မ ရှိသော အင်ကြင်းကျောက်တုံး၏ မှတ်တမ်းဓာတ်ပုံများ မြင်ကွင်းပုံ (ဃဃ-၁)



မကွေးမြို့၊ ကံပြားကျေးရွာ၊ ကောင်းမွန်ကုမ္ပဏီ လမ်းကြေးကောက်ခံရေးဂိတ်အနီး သဘာဝသယံဇာတ တိရစ္ဆာန်အရင်းအမြစ် အရေးကြီးကုန်စည်ဖြစ်သည့် ခိုင်းနွားများ တရားမဝင်သယ်ယူ တွေ့ရှိမှုမှတ်တမ်း(၁၄.၉.၂၀၁၇) မြင်ကွင်းပုံ (ဃဃ-၂)



**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။**　　။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၀။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ ဦးဖေချစ် တင်သွင်းသွားတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နဲ့ ပတ်သက်တဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ သဘာဝသယံဇာတဆိုတာ လူတွေ စားသုံးဖို့၊ အမျိုးမျိုးသုံးစွဲဖို့အတွက် သဘာဝအလျောက်ဖြစ်တည်နေတဲ့ တစ်နိုင်ငံလုံးက ပိုင်ဆိုင်တဲ့၊ တစ်နည်းအားဖြင့် ပြည်သူ ပြည်သားတွေ အားလုံးပိုင်ဆိုင်ပြီး ပြည်သူ ပြည်သားတွေအားလုံး အကျိုးတူ ခံစားရမယ့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ သက်ရှိ၊ သက်မဲ့ အရာများပဲ ဖြစ်ပါတယ်။ အဲဒီသယံဇာတတွေမှာ ပြန်းတီးတာက တချို့တွေက အလွယ်တကူ ပြန်လည်ဖြည့်ဆည်းလို့ရတဲ့ သယံဇာတရှိသလို အလွယ်တကူ ပြန်လည်ဖြည့်ဆည်းလို့မရတဲ့ သယံဇာတများလည်း ရှိပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝဓာတ်ငွေ့တွေ၊ ရေနံတွေ၊ တွင်းထွက်သတ္တုပစ္စည်းတွေနဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေ၊ ကမ္ဘာ့အကောင်းဆုံး သဘာဝအလျောက်ပေါက်တဲ့ ကျွန်းသစ်တွေနဲ့ ရေပေါ်ရေအောက် သယံဇာတတွေ ပေါများတဲ့ နိုင်ငံဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သယံဇာတတွေ ပေါများတဲ့ နိုင်ငံဖြစ်သော်လည်းပဲ သယံဇာတ ငတ်မွတ်နေတဲ့ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ကြားမှာရှိပါတယ်။ ကျောက်စိမ်းကနေရရှိတဲ့ ကမ္ဘာပေါ်မှာ အကောင်းဆုံးကျောက်စိမ်းမြေတွေနဲ့ အကြီးမားဆုံးကျောက်စိမ်းတွေ ထွက်ရှိတာနဲ့ ပတ္တမြားမြေတွေလည်း ရှိပါတယ်။ ကျောက်စိမ်းကရရှိတဲ့ အခွန်ငွေတွေကလည်း အလွန်ပင်နည်းနေကြောင်း Global Witness အဖွဲ့ကနေပြီးတော့ တင်ပြထားတဲ့အစီရင်ခံစာမှာ တွေ့ရှိရပါတယ်။

၂၀၁၄ ခုနှစ် ကျောက်မျက်ရတနာပြပွဲမှာ ကျွန်တော်တို့နိုင်ငံရဲ့ ရောင်းရငွေက ယူရိုဘီလီယံ (၁)ဘီလီယံကျော် ရောင်းရပေမယ့် တရားမဝင်ထွက်သွားတာက အမေရိကန်ဒေါ်လာ (၃၁)ဘီလီယံ လောက်ရှိတယ်ဆိုပြီးတော့ ပြောပါတယ်။ အဲဒီ ဘီလီယံက ကျွန်တော်တို့ မြန်မာနိုင်ငံ GDP ရဲ့ (၄၈) ရာခိုင်နှုန်းလည်း ရှိပါတယ်။ ဖားကန့်ဒေသမှာဆိုလို့ရှိရင် ကျောက်စိမ်းတူးနေတာ ကုမ္ပဏီပေါင်း မြောက်မြားစွာရှိပေမယ့် ကုမ္ပဏီကြီး တစ်ခု၊ နှစ်ခုကသာ လက်ဝါးကြီးအုပ်ထားကြောင်းနှင့် အဲဒီမှာ နိုင်ငံတော်နှင့် အကျိုးတူလုပ်နေတဲ့ လုပ်ကွက်ပေါင်း(၃၀၀)ကျော်ရှိတဲ့အထဲမှာ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းက(၄၆)ဦးပဲရှိတဲ့အတွက်ကြောင့် လုပ်ငန်းပမာဏနှင့် ဝန်ထမ်းပမာဏက အင်မတန် ကွာခြားနေပါတယ်။ ဒီကြားထဲ ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုမရှိတာနဲ့ အကျင့်ပျက်မှုတွေကြောင့်လည်း ကျွန်တော်တို့ ဆုံးရှုံးနေရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဆောင်ပုဒ်တစ်ခုကတော့ ကျောက်ကောင်းလို့ရှိရင် ကုမ္ပဏီဂိုဒေါင်ထဲထည့်၊ ကျောက်မကောင်းရင် အစိုးရဂိုဒေါင်ထဲထည့်ဆိုတဲ့ ဆောင်ပုဒ် ဖြစ်နေပါတယ်။ ကျောက်တွေကို အဆင့် A, B, C, C+ ဆိုပြီး ခွဲခြားထားပြီးတော့ A အမျိုးအစားကိုတော့ ချက်ချင်းပဲ အိမ်နီးချင်းနိုင်ငံတွေကို ရောင်းတာကိုလည်း တွေ့ရှိရပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုလုပ်ကွက်ချထားတဲ့ အကျိုးတူလုပ်ကွက်တွေအပြင် ဒီထက်ပိုအဆများတဲ့ အကွက်တွေကို ဆက်လက်တူးဖော်နေတာနဲ့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၈၊ အပိုဒ်ခွဲ(၆)ကို ဖောက်ဖျက်ပြီးတော့ တူးဖော်နေတာလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီသယံဇာတတွေ ထိန်းသိမ်းအောင်နဲ့ ဒီလိုအင်နဲ့အားနဲ့ တူးဖော်နေတာတွေကို ထိန်းချုပ်ရန်နှင့် ကျွန်တော်တို့ အခွန်တွေရရှိဖို့ ကျောက်မျက်ရတနာ ဥပဒေကိုလည်း ပြင်ဆင်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြေပေါ်မြေအောက် သယံဇာတတွေ ပြုန်းတီးနေတာကို လူတွေအများသိမြင်နေသော်လည်း ရေပေါ်ရေအောက် သယံဇာတတွေ ပြုန်းတီးနေတာကို မသိကြပါဘူး။ ၁၉၇၉ - ၁၉၈၀ ခုနှစ်က ကျွန်တော်တို့နိုင်ငံကို နော်ဝေနိုင်ငံက ကျွန်တော်တို့ Dr. Fridtjof Nansen သုတေသနသင်္ဘောကြီးနဲ့ စမ်းသပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ပင်လယ်ရေထုမှာရှိတဲ့ ငါးအများဆုံးဖမ်းနိုင်တဲ့ပမာဏ MSY က တစ်သန်းနဲ့ငါးသောင်း တန်ချိန်ပဲ ရှိခဲ့ရာကနေပြီးတော့ ၂၀၁၅ ခုနှစ် ကျတဲ့အခါမှာ တန်ချိန် တစ်သိန်းပဲ ဖမ်းနိုင်ခွင့်အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့

(၃၅)နှစ်အတွင်းမှာ ကျွန်တော်တို့ (၉၀)ရာခိုင်နှုန်း လျော့ကျသွားပါတယ်။ ဒီလို လျော့ကျသွားတဲ့ အကြောင်းအရင်းတွေကတော့ ငါးတွေကို အလွန်အကျွံဖမ်းဆီးခြင်း (Over Fishing)၊ ငါးတွေကို ဒရွတ်ဆွဲပိုက်တွေနဲ့ ပိုက်စိပ်တိုက်ဖမ်းဆီးခြင်း၊ ကွက်စိပ်ပိုက်တွေနဲ့ ဖမ်းဆီးခြင်း၊ မီးထွန်း ဖမ်းဆီးခြင်း၊ အဆိပ်ချဖမ်းဆီးခြင်း၊ ကျွန်တော်တို့ ဗုံးတွေဖောက်ပြီးတော့ ဖမ်းဆီးခြင်း၊ ဒါတွေအပြင် ငါးမဖမ်းရ ဧရိယာတွေ၊ ငါးမဖမ်းရ ရာသီတွေမှာပါ ဖမ်းဆီးတာရယ်၊ ကျွန်တော်တို့ ငါးတွေရဲ့ ပေါက်ဖွားရာ ဒီရေတောတွေ ပျက်စီးတာတွေ၊ ငါးတွေရဲ့ သုခဘုံတွေဖြစ်တဲ့ သန္တာကျောက်တန်းတွေ ပျက်စီးသွားလို့ ကြောင့် ဖြစ်ပါတယ်။


တစ်ခါက ကျွန်တော်တို့ သစ်တောဘက်ကို ကြည့်လိုက်လို့ရှိရင်လည်း မြန်မာနိုင်ငံရဲ့ ကုန်းမြေပိုင်နက်က ကျွန်တော်တို့ (၆၅.၉)ဟက်တာသန်းပေါင်းရှိပြီးတော့၊ အဲဒီထဲမှာရှိတဲ့ ရေပြင်ပိုင်နက်က ဟက်တာသန်းပေါင်း (၁.၉)ရှိတဲ့အတွက်ကြောင့် အားလုံးပေါင်း(၆၇.၆)ဟက်တာသန်းပေါင်းရှိတဲ့ထဲ ကနေ (၄၄.၆)ရာခိုင်နှုန်းကတော့ သစ်တောတွေ ဖုံးလွှမ်းနေပါတယ်။ ၁၉၉၈ ခုနှစ်ကနေပြီးတော့ ၂၀၀၅ ခုနှစ် အထိ ကျွန်တော်တို့ သစ်တောဧရိယာဟက်တာ(၄၆၆၀၀၀)လောက် ပြုန်းတီးသွားပါတယ်။ အဲဒီလိုပြုန်းတီးတာဟာ သစ်တောဧရိယာရဲ့(၁၈)ရာခိုင်နှုန်းလောက်ရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်အထိ ပြုန်းတီးတာကတော့ (၁၃.၅)ရာခိုင်နှုန်းရှိပြီးတော့ တစ်နှစ်ကို ကျွန်တော်တို့ သစ်တောပြုန်းတီးမှုဟာ (၀.၃)ရာခိုင်နှုန်း ပြုန်းတီးနေပါတယ်။

ကျွန်တော်တို့ ကမ္ဘာမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဘရာဇီးနဲ့ အင်ဒိုနီးရှားပြီးရင် ကျွန်တော်တို့ နိုင်ငံဟာ သစ်တောပြုန်းတီးမှု တတိယနေရာမှာ ရောက်နေပါတယ်။ တစ်ခါ ကျွန်တော်တို့ ဒီ သဘာဝ ပတ်ဝန်းကျင်တွေကို ကြည့်လိုက်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ရဲ့အဆိုအရ ကျွန်တော်တို့ ဒီ သစ်တောတွေ၊ ငါးတွေပြုန်းတီးနေတာတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ တွားသွားသတ္တဝါတွေ၊ ရေပေါ်ရေအောက်သတ္တဝါတွေ၊ နို့တိုက်သတ္တဝါတွေ၊ ငှက်မျိုးစုံ မျိုးစိတ်ပေါင်းက (၁၇၀၉)ခုရှိတဲ့အထဲကနေပြီးတော့ သစ်တောတွေ ပြုန်းတီးမှုတွေကြောင့် ကျွန်တော်တို့ အားလုံးပေါင်း ဟာ (၅.၉)ရာခိုင်နှုန်းတောင် ပြုန်းတီးမယ့်အခြေအနေမှာ ရောက်နေပါတယ်။ ဒါတွေဟာ ဘာကြောင့် ဖြစ်နေလဲဆိုလို့ရှိရင် ကျွန်တော်တို့ သစ်တောတွေကို အလွန်အကျွံ တရားဝင်ရော၊ တရားမဝင်ရော ခုတ်ထွင်ခြင်း၊ တောမီးလောင်ခြင်း၊ သဘာဝဘေးအန္တရာယ်တွေကျရောက်ခြင်း၊ ကျွန်တော်တို့ ပိုးမွှား တွေကျရောက်ခြင်းနှင့် စိုက်ပျိုးမြေတွေ တိုးချဲ့ခြင်း၊ ကျွန်တော်တို့ ရွှေ့ပြောင်းတောင်ယာစနစ်တွေ လုပ်ကိုင်ခြင်း၊ ဓာတ်သတ္တုတွေ တူးဖော်ခြင်းနှင့် ဆည်မြောင်းများ တူးဖော်ခြင်းတို့အပြင် သစ်တော ဌာနရဲ့ ကျွန်တော်တို့ ဒီစီမံမှုအလွဲတွေ၊ ဝန်ထမ်းတွေရဲ့ မသမာမှုတွေနဲ့ ဝန်ထမ်းအင်အား မလုံလောက် တာတွေ ကျွန်တော်တို့ တောမှီနေလူဦးရေ များပြားလာခြင်းကြောင့် ဖြစ်ပါတယ်။


ဒါတွေကို ကာကွယ်ဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့က နံပါတ်(၁)သယံဇာတတွေကို ထိန်းသိမ်းဖို့အတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းတွေကို လုပ်ရပါမယ်။ နံပါတ်(၂) ကျွန်တော်တို့ နိုင်ငံတော်ကနေပြီး စီမံကိန်းများချပြီးတော့ ထိန်းသိမ်းရေးနှင့် ပြန့်ပွားအောင် လုပ်ရ ပါမယ်။ နံပါတ်(၃) နိုင်ငံတော်ကချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ စည်းကမ်း ချက်တွေကို တိကျစွာ လိုက်နာရပါမယ်။ နံပါတ်(၄) ကျွန်တော်တို့ ဒီ ပြစ်မှုကျူးလွန်တဲ့လူတွေကို ထိရောက်စွာဥပဒေအရ အရေးယူရပါမယ်။ နံပါတ်(၅)ကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်

တွေကနေ၊ ပြည်ထောင်စုကြီးကနေ ဥပဒေကောင်းတွေကို ရေးဆွဲပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီး စနစ်တကျ တိတိကျကျ ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)


ဖားကန့်ဒေသ ကျောက်များတူးဖော်နေသည့် မြင်ကွင်းပုံ (၄၄)



မြန်မာ့ပင်လယ်ပြင် ငါးပြုန်းတီးနေမှု မြင်ကွင်းပုံ (၄၄-၁)



မြန်မာ့သစ်တော ပြုန်းတီးနေမှု မြင်ကွင်းပုံ (၄၄-၂)



**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၇။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့နဲ့ အင်္ဂလိပ်စာ အသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန် ရိုသေစွာ ကြိုတင်တောင်းခံအပ်ပါတယ်။ ကျွန်တော့် အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ အဆိုဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများ ပျက်စီး ဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင် ဦးဖေချစ် ၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးရန် အဆိုသည် လွန်စွာမှ ကျယ်ပြန့်လှသောကြောင့် တစ်ခုချင်း၊ တစ်ခုချင်းကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်းစီ ရေရှည်လုပ်ဆောင်ရမည့် လုပ်ငန်းစဥ်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာ နိုင်ငံသည် ရှေးအစဥ်အဆက် ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းက သဘာဝသယံဇာတများကို စဥ်ဆက်မပြတ် ဂရုတစိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သဖြင့် တစ်နိုင်ငံလုံး သဘာဝသယံဇာတ တွေက ဖုံးလွှမ်းပြည့်နှက်နေခဲ့ပါတယ်။ သို့ပေမယ့်လည်း မြန်မာတို့၏ သဘာဝသယံဇာတပစ္စည်းများသည် မကြာသေးသော နှစ်ပေါင်း(၃၀)ကာလအတွင်းမှာပင် လွန်စွာမှဆိုးရွားသော ပျက်စီးဆုံးရှုံးမှုများနှင့်

ရင်ဆိုင်ကြုံတွေ့ခဲ့ရသောကြောင့် ယခုအချိန်မှာ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရမည့် အနေအထားတစ်ရပ်ပေါ် သို့ ကျရောက်နေပြီ ဖြစ်ပါတယ်။

သဘာဝသယံဇာတပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းကို ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် လက်ညှိုးလိုက်ထိုးနေလျှင် ဇာတ်လမ်းကပြီးဆုံးတော့မှာ မဟုတ်ပေ။ ဒါကြောင့် အတိတ်ကို အတိတ်မှာ ထားပြီး အနာဂတ်လှပရန် ထုဆစ်တည်ဆောက်ဖို့ပဲလိုပါတယ်။ ရေပေါ်ရေအောက်၊ မြေပေါ် မြေအောက် သဘာဝသယံဇာတပစ္စည်းများကို သိပ္ပံနည်းကျ အမျိုးအစားခွဲခြားဖော်ပြရမည်ဆိုလျှင် Biotic Resource နဲ့ Abiotic Resource ဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ Biotic Resource တွေကတော့ Biosphere လို့ခေါ်တဲ့ သက်ရှိများနဲ့ ဇီဝလောင်စာတွေပဲ ဖြစ်ပါတယ်။ ဥပမာ သစ်တော၊ တောရိုင်းတိရစ္ဆာန်၊ ကျောက်မီးသွေးနှင့် ရေနံတို့ ဖြစ်ပါတယ်။ Abiotic Resource များကတော့ သက်မဲ့ပစ္စည်းများနှင့် အဖိုးတန် ကျောက်မျက်ရတနာမျိုးတို့ပဲ ဖြစ်ပါတယ်။

ဥပမာ ရေ၊ လေ၊ မြေ၊ ရွှေ၊ ငွေ၊ ကြေးနှင့် အဖိုးတန်ကျောက်မျက်ရတနာများ အစရှိသည်တို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေထု၊ မြေထုကို သေချာစွာ လေ့လာကြည့်မည်ဆိုလျှင် အထက်ပါ သဘာဝ သယံဇာတပစ္စည်းများစွာကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သလို ပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင် ကြုံတွေ့ရသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ အဆိုရှင် ဆွေးနွေးသွားသည့် အချက်များထဲမှ အရေးကြီးဆုံးနှင့် ဆုံးရှုံးမှုတစ်ခုဖြစ်သည့် မြန်မာ့သစ်တောများ ပြုန်းတီးမှုကို ကိန်းဂဏန်း အချက် အလက် အတိအကျဖြင့် ဖော်ပြရလျှင် ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် (၃၁၇၇၃၀၀၀)ဟက်တာ ရှိခဲ့ပါတယ်။ တစ်နှစ်ကို ပျမ်းမျှ(၃၇၂၂၅၀)ဟက်တာ ဆုံးရှုံးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရောက်တဲ့အခါမှာတော့ (၇၄၄၅၀၀၀) ဟက်တာ ဆုံးရှုံးသွားခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်ကြားကို ကြည့်မည်ဆိုလျှင်လည်း တစ်နှစ်ကို ပျမ်းမျှ(၅၄၆၀၀၀)ဟက်တာ၊ (၁.၃)သန်းဧကကျော် ဆုံးရှုံးနေကြောင်းကို UN Food And Agriculture Organization က ဖော်ပြထားပါတယ်။

ထိုကဲ့သို့သော ဆုံးရှုံးမှုများကြောင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၂၀၁၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးဧရိယာ၏ (၆၅)ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၄၅)ရာခိုင်နှုန်းခန့် သာ ကျန်ရှိပါတော့တယ်။ အဆိုပါဆုံးရှုံးမှုကို တစ်ကမ္ဘာလုံးရှိနိုင်ငံများနဲ့ နှိုင်းယှဉ် ချိန်ထိုးကြည့်လျှင် ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် မြန်မာနိုင်ငံသည် တတိယမြောက် သစ်တောဆုံးရှုံးမှု အများဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဤကဲ့သို့ သစ်တောများ ပျက်စီးဆုံးရှုံးလာရခြင်းသည် စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း၊ လောင်စာအတွက် ထင်းသုံးစွဲခြင်း၊ မတော်လောဘသမားများ၏ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် သစ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ တောမီးများလောင်ကျွမ်းခြင်း၊ သစ်တောမြေများပေါ်တွင် ကျူးကျော် နေထိုင်ခြင်းနှင့် မြို့ပြများထွန်းကားလာခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

အင်္ဂလိပ်စကားပုံ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ Prevention is better than cure ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ပါတယ်။ ယခုအချိန်မှာတော့ မြန်မာနိုင်ငံ၏ သစ်တောများအခြေအနေ ကြိုတင်ကာကွယ်ရုံမျှနှင့် မလုံလောက်တော့ဘဲ ကုသရမယ့်အနေအထားသို့ ရောက်ရှိနေပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ယခုကဲ့သို့ သစ်တောများဆုံးရှုံးရခြင်းကြောင့် သဘာဝ သားရဲတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များကို

ပိုမိုရင်ဆိုင်ကြုံတွေ့ရခြင်း၊ ရေရှားပါးမှုနဲ့အတူ ကျန်းမာရေးဆိုးကျိုးများကို တစ်နှစ်နဲ့တစ်နှစ် ပိုမိုခံစားနေရပါတယ်။ ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတော်၏ အေးချမ်းသာယာလှပဖို့ရန်နှင့် သဘာဝသားရဲတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်မှု လျော့ပါးသွားရန်အတွက် မြန်မာ့သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံမျှနှင့် မလုံလောက်တော့ဘဲ စဥ်ဆက်မပြတ် ဂရုတစိုက် ပြန်လည်ပြုစုပျိုးထောင်ရပါတော့မယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒုတိယတင်ပြသွားတဲ့ အချက်ဖြစ်သည့် သဘာဝတွင်းထွက်ရတနာပစ္စည်းများကို ကာကွယ်ထိန်းသိမ်းသင့်သည့် ကိစ္စရပ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာများထဲမှ အဖိုးတန်ကျောက်စိမ်းကို ပြည်ပသို့ တရားဝင် တင်ပို့ရောင်းချခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ(၅၆၉.၅၄)မီလီယံ ရရှိခဲ့ပါတယ်။ သို့ပါသော်လည်း နယ်စပ်ထွက်ပေါက်များမှ ကျောက်စိမ်းကို သူခိုးဈေးဖြင့် တရားမဝင် တင်ပို့ခြင်းဖြင့် တိုင်းပြည်၏သယံဇာတများ ဆုံးရှုံးလျက်ရှိပါတယ်။ တရားမဝင် ရောင်းချသဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံသို့ ရောက်ရှိသွားသော မြန်မာ့ကျောက်စိမ်းများသည် တရုတ်နိုင်ငံ၏ ကျောက်စိမ်းဈေးရောင်းပွဲတော်များတွင် မျက်နှာပန်းလှ ခမ်းနားထည်ဝါလျက်ရှိသလို နိုင်ငံတကာမှလည်း အဆိုပါကျောက်စိမ်းများကို တန်ဖိုးထား၍ ဈေးကောင်းပေးဝယ်ကြရပါတယ်။ မိမိနိုင်ငံမှ သဘာဝတွင်းထွက်များကို ဂရုတစိုက်ထိန်းသိမ်းမှု မရှိခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ဈေးပေါပေါဖြင့်ရောက်ရှိသွားပြီး ထိုက်သင့်သည့်တန်ဖိုး မရရှိသဖြင့် နိုင်ငံနှင့်တိုင်းရင်းသားပြည်သူတို့အတွက် လွန်စွာမှ နစ်နာလှပါတယ်။ ဒါကြောင့်လည်း ကျောက်စိမ်း အစရှိတဲ့ သဘာဝတွင်းထွက်ရတနာများ မှောင်ခိုဈေးကွက်သို့ မရောက်ရှိစေရန်အတွက် ဂရုတစိုက် ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။


၂၀၁၅-၂၀၁၆ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ(၄၃၁၁.၇၅)မီလီယံ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှ တင်ပို့သည့် သဘာဝဓာတ်ငွေ့ဖြင့် အိမ်နီးချင်းနိုင်ငံများတွင် မီးထိန်ထိန်လင်းနေသော်လည်း မြန်မာ့ကျေးလက်နေပြည်သူများ၏ဘဝမှာ ယခုအချိန်အထိ အမှောင်ကမ္ဘာထဲမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပါ။ ကျေးလက်နေပြည်သူများ လျှပ်စစ်မီး မရရှိခြင်းသည်သာမက မြို့ကြီးပြကြီးများ၏ ပြည်သူများ၏ဘဝမှာလည်း မီးလာလျှင် ဟေးကနဲအော် ပျော်ရွှင်ရသည့် အခြေအနေမှ မလွတ်ကျွတ်နိုင်သေးပါဘူး။ ဒါတွေကိုကြည့်ရင် ကိုယ့်နိုင်ငံမှထွက်တဲ့ သဘာဝဓာတ်ငွေ့ကို တိုင်းရင်းသားပြည်သူများ အကျိုးရှိအောင် စီမံခန့်ခွဲမှု မပြုနိုင်ခြင်း၏ ရလဒ်ပင်ဖြစ်ပါတယ်။

ယခုအချိန်မှာ သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို ဂရုတစိုက် စီမံခန့်ခွဲရန် မဖြစ်မနေလုပ်ဆောင်ရမည် ဖြစ်ပါတယ်။ ပြည်တွင်းမှာသုံးပြီး ပိုလျှံမှသာ သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ ထုတ်ရောင်းသင့်ကြောင်း အကြံပြုပါရစေ။ ထို့နည်းတူပင် ရွှေ၊ ငွေ၊ ကြေး၊ သတ္တုများ၊ အဖိုးတန်ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်သည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို စည်းမျဥ်းစည်းကမ်းများနဲ့အညီ တူးဖော်ထုတ်လုပ်ခြင်း၊ နိုင်ငံကို ထိုက်တန်သည့် အခွန်ဘဏ္ဍာများ ပေးဆောင်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်ရန် လုပ်ဆောင်ခြင်း၊ ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ကောင်းမွန်စေရန် လုပ်ဆောင်ခြင်း၊ ထိခိုက်နစ်နာသွားသော ဒေသခံ


ပြည်သူလူထု၏ အကျိုးစီးပွားကို ပြန်လည်ပေးလျော်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးခြင်းများကို စာချုပ်စာတမ်းများတွင် ထည့်သွင်းချုပ်ဆို၍ လုပ်ကိုင်စေခြင်း၊ စာချုပ်စာတမ်းများအတိုင်း လုပ်ဆောင်မှု ရှိ/မရှိကို ရေရှည်စောင့်ကြည့် ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ သယံဇာတများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမှာဖြစ်သလို နိုင်ငံနှင့်ပြည်သူအတွက်လည်း အကျိုးရှိမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင် ဦးဖေချစ် ၏ အဆိုဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် အဆိုသည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတစ်ခုတည်းက လုပ်ဆောင်ရန်မဟုတ်ဘဲ တစ်နိုင်ငံလုံး၊ နိုင်ငံတော်အစိုးရတစ်ဖွဲ့လုံး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် ဦးဖေချစ် ၏ အဆိုသည် မြန်မာနိုင်ငံကို ချစ်မြတ်နိုးသူတိုင်း၊ မြန်မာ့သဘာဝသယံဇာတများကို တန်ဖိုးထားမြတ်နိုးသူတိုင်း လက်တွဲညီညီဖြင့် ကဏ္ဍတစ်ခုချင်း၊ တစ်ခုချင်းစီကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ရေရှည်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)


သဘာဝသယံဇာတများအခြေပြု မြင်ကွင်းပုံ (စစ)



မြန်မာနိုင်ငံရှိ ရေနံ၊ ဓာတ်သတ္တုနှင့် အဖိုးတန်ကျောက်မျက်ရတနာတွင်းထွက်များ တည်ရှိရာနေရာနှင့် တူးဖော်ထုတ်လုပ်လျက်ရှိသော ရေနံနှင့်သတ္တုတွင်းများ နေရာပြမြေပုံများ မြင်ကွင်းပုံ (စစ-၁)



မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သယံဇာတများမှရရှိသည့် အကျိုးအမြတ်များကို ဖော်ပြခြင်းပြပုံ (စစ-၂)



**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၄။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ အင်မတန် ကျယ်ပြန့်လွန်းပါတယ်။ သဘာဝသယံဇာတလို့ ပြောတဲ့အတွက် မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက် သဘာဝသယံဇာတပစ္စည်းတွေ ပါဝင်ပါတယ်။ ဒီများပြားလှတဲ့ ကဏ္ဍပေါင်းစုံနဲ့ သယံဇာတတွေထဲက ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ အရေးပါလှတဲ့ ဒီရေတောတွေအကြောင်းကို တင်ပြဆွေးနွေးလိုပါတယ်။ အာရှဒေသတွင်း ဒီရေတောပေါက်ရောက်မှု အများဆုံး(၅)နိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဒီရေတောတည်ရှိတဲ့ နိုင်ငံများတွင် သတ္တမမြောက် ဧရိယာအကျယ်ဆုံးနိုင်ငံဖြစ်ကြောင်း ၂၀၁၀ ခုနှစ် တိုင်းတာချက်များအရ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဧက(၁၂)သိန်းခန့်ရှိပြီး ကမ္ဘာ့ဒီရေတော ဧရိယာ၏(၃.၃)ရာခိုင်နှုန်းရှိကြောင်း မှတ်တမ်းပြုစုထားချက်များကို လေ့လာသိရှိရပါတယ်။ ဒီရေတောများဟာ ကုန်းတွင်းပိုင်းနှင့် ပင်လယ်ဆက်စပ်လျက်ရှိသည့် နေရာဒေသတွင် ပေါက်ရောက်သဖြင့် ကုန်းတွင်းပိုင်းဂေဟစနစ်နှင့် အဏ္ဏဝါဂေဟစနစ် နှစ်မျိုးစလုံး ပါဝင်ဖွဲ့စည်းလျက်ရှိကာ ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစွာ ပါဝင်နေခြင်းက ဒီရေတောဂေဟစနစ်၏ ထူးခြားချက်ဖြစ်ပါတယ်။

ဒီရေတောများအတွင်းမှာပဲ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ယောက်သွား၊ လင်းပိုင် အစရှိတဲ့ ရေနေသတ္တဝါတွေ ရှင်သန်ကျက်စားသလို ဆင်၊ ကျား၊ ဒရယ်၊ မျောက်၊ တောဝက်စတဲ့ ကုန်းနေသတ္တဝါတွေလည်း ရှင်သန်ကျက်စားကြပါတယ်။ ဒီအတွက် ဒေသခံပြည်သူလူထုဟာ ဒီရေတောဂေဟစနစ်ကို မှီပြီးတော့ ကဏန်းထောင်ခြင်း၊ တစ်ပိုင်တစ်နိုင် ငါးဖမ်းခြင်း၊ ပုစွန်ဖမ်းခြင်း၊ မြှုံးထောင်ခြင်းများနဲ့ အသက်မွေးဝမ်းကျောင်းမှုတွေ ပြုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒေသမှာတော့ တစ်ဝမ်းတစ်ခါး ရှာစားရင်းနဲ့ အဖမ်းခံနေရကြောင်းလည်း ကြားသိနေရပါတယ်။

ဒါကတော့ အင်မတန် စိတ်မကောင်းစရာပါ။ ပြီးတော့ လယ်ကန်သင်းတွေ၊ မြစ်ချောင်းရိုး တစ်လျှောက်တွေမှာ ဒီရေတောများ ထိန်းသိမ်းခြင်းဖြင့် စပါးစိုက်ကွင်းများအတွင်းကို ဆားငန်ရေ ထိုးဖောက်ဝင်ရောက်မှုမှ အကာအကွယ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီရေတောများဟာ လူသားများ အတွက် များစွာအရေးပါ အသုံးဝင်လှပါတယ်။ ကုန်းနေ၊ ရေနေ သတ္တဝါအမျိုးမျိုးနဲ့ အမျိုးမျိုးသော ဇီဝမျိုးစိတ်များ ရှင်သန်ကြီးထွားအောင် စောင့်ရှောက်ပေးခြင်း၊ ဂေဟစနစ်ပျက်စီးမှုမှ ထူးထူးခြားခြား ကာကွယ်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းအန္တရာယ်နှင့် ဆူနာမီရေလှိုင်းများမှ ဒေသခံပြည်သူလူထုအား ကာကွယ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အား ထိန်းညှိပေးခြင်း အစရှိသည့် အကျိုးပြုမှုများ၊ အရင်းအမြစ်များရရှိပါတယ်။

ဤမျှအရေးပါလှတဲ့ ဒီရေတောများ ယနေ့အချိန်ကာလတွင် မည်သို့မည်ပုံလျော့ပါး လာရသနည်း။ တဖြည်းဖြည်း ပျောက်ဆုံးနေရသနည်းဆိုသည့် မေးခွန်း၏ အဓိကအကြောင်းအရင်းမှာ လူများ မဆင်မခြင် သစ်ပင်ခုတ်ယူခြင်း၊ ဒီရေတောပေါက်ရောက်ရာ နေရာဒေသများသို့ ဆားကွင်းများ၊ လယ်များ၊ ပုစွန်ကန်များနှင့် လူနေအိမ်များ နေရာချဲ့ထွင်လာမှုများကြောင့် လည်းကောင်း၊ ထင်း၊ မီးသွေး အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းများကြောင့်လည်းကောင်း ဒီရေတောများ ပျက်သုဉ်းလာရခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့်ဒေသနဲ့ နှိုင်းယှဉ်သုံးသပ်ရမယ်ဆိုရင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပေးရာတွင်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ကို ဒီရေတောစိုက်ဧက ဧက(၁၀၀၀၀)ကျော် ဆောင်ရွက်ကြရာမှာ ဒီရေတောတွေကို အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိဘဲ မြေပြင်တွင် ငါး၊ ပုစွန် မွေးကန်တွေ တူးဖော်တယ်။ အကြီးအကျယ် မွေးမြူနေကြပါတယ်။

ဌာနဆိုင်ရာရဲ့ ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်းများကို တွေ့ရှိနေရပါတယ်။ ပြန်လည် ထူထောင်ထားတဲ့ စိုက်ခင်းအများစုမှာ အောင်မြင်မှုနည်းပါးပြီး ခုတ်ယူသုံးစွဲမှုများကို မတားဆီး နိုင်ကြောင်း တွေ့ရှိရပါတယ်။ ပုဂ္ဂလိကစိုက်ခင်းများ၊ ဒေသခံအစုအဖွဲ့စိုက်ခင်းများမှာ နှစ်(၃၀)မြေငှား ချထားပေးပြီးတော့ သဘာဝတစ်နိုင်တစ်ပိုင် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူခြင်းနဲ့ ဒီရေတောစိုက်ခင်းများ တွဲဖက်ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။ အချို့မှာ စီးပွားဖြစ် အကြီးအကျယ် ပုစွန်မွေးမြူရေးကိုသာ အဓိကထားပြီးတော့ သဘာဝတောများကို ခုတ်ယူခြင်း၊ သတ်မှတ်စိုက်ခင်းများကို မစိုက်ပျိုးဘဲ ဟန်ပြသာ စိုက်ပျိုးပြသနေကြတဲ့အတွက် တာဝန်ရှိသူများမှ ထိထိရောက်ရောက် စစ်ဆေးအရေးယူ ဆောင်ရွက် ရန်လိုအပ်ကြောင်းလည်း ဆွေးနွေးလိုပါတယ်။

ကျွန်တော် နယ်မြေဆင်းစဉ်က ဒေသခံတွေပြောတာကို ပြန်ပြီးတော့ ကျွန်တော်အမှတ်ရမိ ပါတယ်။ ၂၀၀၆ ခုနှစ်က Man Group ဆိုပြီးတော့ ဒီရေတောတွေစိုက်တယ်၊ ၂၀၁၇ ခုနှစ်အထိဆိုရင် (၁၂)နှစ်ရှိနေပြီဖြစ်ပါတယ်။ (၁၂)နှစ်သားအတွင်းမှာ (၁၂)နှစ်သားအပင်ဆိုတာ တစ်ပင်မှမရှိဘူး။ ၂၀၀၆ ခုနှစ်ကနေပြီးတော့ ၂၀၁၇ ခုနှစ်အထိကို ဧက(၄၀၀၀)နီးပါးစိုက်တယ်။ အခု သစ်တောဌာန အနေနဲ့ ဧက(၁၀၀၀)တောင် ပြစရာမရှိဘူး ဖြစ်နေပါတယ်။ တောခြုံတွေကို မထိန်းသိမ်းဘူး။ တောကို အပြောင်ခုတ်တယ်။ နိုင်ငံတော်ဘတ်ဂျက်ကိုယူတယ်။ စိုက်ပျိုးတယ်။ ပြီးတော့ ထင်းအဖြစ် ရောင်း စားတယ်။ အခုလည်း အဲဒီလိုလုပ်နေတာပဲလို့ ဒေသခံတွေနဲ့ တွေ့ဆုံစဉ်မှာ ဒေသခံတွေက တင်ပြ ကြပါတယ်။ ဒါကို တာဝန်ရှိတဲ့လူကြီးတွေက ဥပဒေနဲ့အညီ ထိန်းကျောင်းကွပ်ကဲပေးကြပါလို့ ဆွေးနွေး လိုပါတယ်။ ဒီရေတောစိုက်မယ်ဆိုပြီးတော့ ငါး၊ ပုစွန်ကန်တွေ တူးပြီးတော့မွေးတယ်။ ထင်းစိုက်ခင်းတွေ

လုပ်မယ်ဆိုပြီး သစ်တောထဲမှာရှိတဲ့ သဘာဝအပင်တွေကို ထင်းအဖြစ်ခုတ်ယူတယ်။ လူထုအခြေပြု သစ်တောစိုက်ကွက်များကို အမည်ခံယူပြီးတော့ မြေပြင်မှာ ငါး၊ ပုစွန်ကန်တွေတူးပြီး စီးပွားဖြစ် မွေးမြူနေကြပါတယ်။

Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ပျက်စီးနေတဲ့ ဒီရေတောများကို မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။ ဒီဟာကတော့ တရားမဝင် ထင်းခုတ်ယူထားပြီးတော့ စုပုံထားတာတွေ၊ လှေဝမ်းတွေထဲမှာ သယ်ဆောင်ဖို့တင်ထားတာတွေ ဖြစ်ပါတယ်။ မော်တော်ဦးမှာထိုင်နေတာကတော့ ဝန်ထမ်းဖြစ်ပါတယ်။ ပြောချင်တာက ကိုယ်တိုင်မြင်နေရတယ်။ တားဆီးမှု၊ ကွပ်ကဲမှုမရှိဘူး။ အဲဒီတော့ သူတို့နဲ့ အဆင်မပြေတဲ့လူမှ တားဆီးမှာလားလို့ မေးရမလိုဖြစ်နေပါတယ်။ ကျန်တဲ့ပုံတွေကို ဆက်လက်ပြီးတော့ ပြသပေးပါခင်ဗျား။ ဒါ သဘော်ာနဲ့အဆင့်ဆင့် အပြိုင်အဆိုင် ထင်းခုတ်ယူနေကြတာ ဒီလိုနဲ့ဒီရေတောတွေ ပျက်စီးခဲ့ရပါတယ်။ နာဂစ်ကဲ့သို့သော ဆိုင်ကလုန်းမုန်တိုင်းကြီးနဲ့ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ တိုက်ခတ်ခံရတဲ့အခါမှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသ၊ မြို့နယ်ပေါင်း(၃၇)မြို့နယ်၊ လူဦးရေ(၂.၄)သန်း ထိခိုက်ခံစားခဲ့ရပြီး လူဦးရေ(၁၀၀၀၀၀)ကျော် သေကျေပျက်စီးခဲ့ရပါတယ်။


အထူးသဖြင့် ကျွန်တော်တို့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ အဆိုးရွားဆုံး ရိုက်ခတ်ခံခဲ့ရပါတယ်။ ဒါကြောင့် ဒီရေတော ရေရှည်တည်တံ့ထိန်းသိမ်းဖို့လိုပါတယ်။ စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်ဆိုတာ သိပါတယ်။ ပြုန်းတီးနေတဲ့ ဒီရေတောတွေ ပြန်လည်ထူထောင်ဖို့ ငွေကြေးမြောက်မြားစွာလိုအပ်နေပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပုစွန်တာပတ်ကန်တွေ တိုးပွားလာတာ၊ သစ်တောအသုံးချတဲ့ဒေသခံတွေ ဆင်းရဲမွဲတေမှုကြောင့် ဒီရေတောများ အသုံးပြုနေကြတာ၊ ဝန်ထမ်းတွေ အဂတိလိုက်စားခြင်းတို့ဟာလည်း ဒီရေတော ရေရှည်တည်တံ့ဖို့၊ ပြန်လည်ထိန်းသိမ်းပြုပြင်ဖို့အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့အတွက် တာဝန်ရှိတဲ့ ဝန်ကြီးဌာနများမှ အခြေခံလူတန်းစားများ နားလည်သဘောပေါက်စေရန် ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ပေးဖို့၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနဲ့ ထိထိရောက်ရောက် ပြဋ္ဌာန်းကိုင်တွယ်ပေးစေလိုပါတယ်။ ဒီရေတောများအတွင်းသို့ လူများကျူးကျော်ဝင်ရောက်ခြင်းအား အားမပေးရန်နှင့် ကာကွယ်ခြင်းသည် အရေးကြီးကြောင်း ထင်သာမြင်သာရှိစေရေး ဆောင်ရွက်ရန်တို့ကို ဆွေးနွေးလိုပါတယ်။ အဆိုနဲ့ပတ်သက်ပြီး အနှစ်ချုပ်ရမယ်ဆိုရင်တော့ ကိုယ်စားလှယ်ကြီးရဲ့အဆိုကို ဦးတည်ပြီးတော့ ကျွန်တော့်ဒေသရဲ့ ဒီရေတောပြဿနာကို တင်ပြခွင့်ရတဲ့အတွက် အဆိုရှင် ဦးဖေချစ် ကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ဒါပေမဲ့ ဦးဖေချစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)ရဲ့အဆိုဟာ ကျယ်ပြန့်လွန်းအားကြီးနေပါတယ်။ ကဏ္ဍတစ်ခုချင်းအပေါ်မှာ အခြေတည်ပြီးတော့ အဆိုကို တင်ပြမယ်ဆိုရင်တော့ အားကောင်းတဲ့အဆိုတစ်ခု ဖြစ်လာနိုင်ပါတယ်။ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းလို့ ပြောတဲ့အတွက် အနည်းဆုံး ဝန်ကြီးဌာန(၃)ခုလောက် ပါဝင်နေမှာဖြစ်ပါတယ်။ ယေဘုယျဆန်လွန်းနေပါတယ်။ ဒီအတွက် ဦးဖေချစ် ရဲ့ အဆိုကို မှတ်တမ်းအဖြစ်ထားရှိခြင်းဟာ ပိုမိုသင့်တော်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


ပျက်စီးနေသော ဒီရေတောများ မြင်ကွင်းပုံ (ဆဆ)



သင်္ဘောများဖြင့် အဆင့်ဆင့်သယ်ယူထားပုံ၏ မြင်ကွင်းပုံ (ဆဆ-၁)



လှေသမ္ဗန်များဖြင့်ခုတ်ယူပြီး ထင်းများ သယ်ယူနေကြသည့် မြင်ကွင်းပုံ (ဆဆ-၂)



**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၂။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကနဦးအနေနဲ့ သဘာဝသယံဇာတဆိုတဲ့စကားဟာ ကျယ်ပြန့်လွန်းပြီးတော့ Stakeholder များအားလုံး ပါဝင်ပတ်သက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ သဘာဝသယံဇာတ ရေရှည်တည်တံ့ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများက စိတ်အားထက်သန်စွာနဲ့ အကြံပြုထောက်ပြဆွေးနွေးတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါရန်နှင့် အချိန်အနည်းငယ် ပို၍ပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။

Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ရဲ့ အခန်း(၁)မှာ ဥပဒေပုဒ်မ ၃၇ မှာ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ နိုင်ငံပိုင်သယံဇာတများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်ဟု နိုင်ငံတော်ကို အဓိပ္ပာယ်ဖွင့်ထားပါတယ်။ အဲဒီနည်းတူ ပုဒ်မ ၄၇ မှာလည်းပဲ နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်ဟု သတ်မှတ် ပြဋ္ဌာန်းထားပါတယ်။

အဲဒီနည်းတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)၊ အခန်း(၉) သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း ပုဒ်မ ၁၈ မှာလည်းပဲ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါ သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုခြင်း၊ ဒေသဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်ဟု ဖော်ပြပြီးတော့ အားလုံးသယံဇာတအားဖြင့် ဒီမှာ(၁၀)မျိုး ဖော်ပြထားပါတယ်။ သစ်တော၊ မြေ၊ မြေအောက်ရေ၊ ဓာတ်သတ္တု၊ စိုက်ပျိုးရေးဆိုင်ရာ၊ ရေလုပ်ငန်းဆိုင်ရာ၊ အဏ္ဏဝါဆိုင်ရာ၊ သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂေဟစနစ်များ၊ သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ နောက်ဆုံးအချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် အခြားသဘာဝအရင်းအမြစ်များဆိုပြီးတော့ (၁၀)မျိုးခွဲခြားထားတာကို တွေ့ရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို နိုင်ငံတော် ဒုတိယသမ္မတ(၁) ကိုယ်တိုင် နာယကအဖြစ် ဦးဆောင်ပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လုပ်ငန်းကော်မတီ(၆)ရပ်ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၆) နှင့် ဖွဲ့စည်းထားပါတယ်။ အသေးစိတ်များကိုတော့ Power Point မှာ တင်ပြထားပါတယ်။

ခေါင်းစဉ်အချုပ် ကျွန်တော် ပြောရမယ်ဆိုလို့ရှိရင်တော့ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီမှာ (၁) အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းဆိုပြီးတော့ (၆)ရပ်ရှိပါတယ်။ (က) မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ (ခ) စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ (ဂ) သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ (ဃ) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျော

ညီထွေဖြစ်စေရေးလုပ်ငန်းကော်မတီ၊ (င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ၊ (စ) အစိမ်းရောင် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းကော်မတီ ဆိုပြီးတော့ (၆)ရပ် ခွဲထားပါတယ်။ နံပါတ်(၂) ကတော့ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများ ဆိုပြီးတော့ အဆင့်ဆင့်ခွဲပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်(၂၆)ရပ်ရှိပါတယ်။ ကျွန်တော် Power Point မှာ ခုနက အသေးစိတ်ဖော်ပြထားပါတယ်။ အဲဒီသယံဇာတများကို ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ခြင်းနဲ့ သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူရာမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရေးနဲ့ စဉ်ဆက်မပြတ် ရေရှည်အကျိုးရှိစွာ အသုံးပြုရေးအတွက် လမ်းညွှန် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါတယ်။ ကျွန်တော်တို့ ဗဟိုကော်မတီအစည်းအဝေးကိုတော့ လေးလ(၁)ကြိမ် ကျင်းပပါတယ်။ အခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပပြီးတဲ့အခါမှာ သဘာဝသယံဇာတထိန်းသိမ်းရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာလုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော် ခုနက တင်ပြတဲ့ လုပ်ငန်းကော်မတီ(၆)ခုကနေပြီးတော့ ဆက်လက်ဆောင်ရွက် ရမယ့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လုပ်ငန်းကော်မတီအသီးသီးနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ အုပ်ချုပ်မှုကော်မတီများ၊ NGO များ၊ CSO များနှင့် ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ လုပ်ငန်းကော်မတီ(၆)ရပ်အနက် သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ကျွန်တော် အထက်ပါ Power point မှာတင်ပြခဲ့တဲ့အတိုင်း ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်(၁၃)ရပ်နဲ့ သတ်မှတ်ဆောင်ရွက်လျက်ရှိ ပါတယ်။ လုပ်ငန်းကော်မတီရဲ့ အစည်းအဝေးများကိုတော့ သူကတော့ သုံးလ(၁)ကြိမ် ကျွန်တော်တို့ ကျင်းပလျက်ရှိပြီးတော့ ရှေ့လုပ်ငန်းစဉ်(၂၁)ရပ် ချမှတ်အကောင်အထည်ဖော်ပါတယ်။

ဒီနေရာမှာ အခု ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ အဓိကဖြစ်တဲ့ အဆိုရှင်နဲ့လည်း ဆက်စပ်နေတဲ့ဟာတွေ ကျွန်တော် တင်ပြပါ့မယ်။ အားလုံး(၅)ရပ်ရှိပါတယ်။ (က) ရေနံနှင့် သဘာဝ ဓာတ်ငွေ့ဆိုင်ရာ EIA Guideline၊ ရေအားလျှပ်စစ် EIA Guideline၊ သတ္တုဆိုင်ရာ EIA Guideline မူကြမ်းရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လမ်းညွှန်ချက် မူကြမ်းများကို အတည်ပြုရေးဆောင်ရွက်ခြင်း၊ (ခ) ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အဖွဲ့အစည်း(၃၇)ခုနှင့် ကြားကာလ အကြံပေးလုပ်ကိုင်သူ(၁၄၂)ဦးအား မှတ်ပုံတင် ထုတ်ပေးခဲ့ပြီးတော့ ဆက်လက်ထုတ်ပေး နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ (ဂ) မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ရောင်းဝယ်ရေးလုပ်ငန်းမှ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် ဇုန်(၁၀)ခု ခွဲခြားပြီး EMP ရေးဆွဲခြင်းကိုတော့ Velentis & Coffey ကုမ္ပဏီမှနေပြီးတော့ တာဝန်ယူရေးဆွဲတင်ပြခြင်းကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များနှင့် ကျွန်တော်တို့ စိစစ်ရန်အတွက် ပထမအကြိမ် Review

Team အစည်းအဝေးကိုတော့ ၉-၁-၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်ခဲ့ခြင်း၊ (ဃ) သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပြန့်ပွားရေး၊ စွမ်းဆောင်ရည်မြင့်မားရေး အစီအမံများကို ကဏ္ဍအသီးသီးတွင် ထည့်သွင်းရေးဆွဲခြင်းဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ (င) သဘာဝသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (Natural Resources Management Strategy and Action Plan) ရေးဆွဲနိုင်ရေးအတွက် လိုအပ်ချက်များအား ဗဟိုကော်မတီသို့ တင်ပြရန် စီစဉ်ဆောင်ရွက်ခြင်းဆိုပြီး ကျွန်တော်တို့ အကျဉ်းချုပ်အားဖြင့် တင်ပြထားပါတယ်။

အဲဒီတော့ ဒီမှာ ကျွန်တော် ဘယ်လိုတွေ့ရှိလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးရဲ့ အဆိုကိုဆွေးနွေးတဲ့ (၉၅)ရာခိုင်နှုန်းဟာ သစ်တောနဲ့သတ္တုကဏ္ဍကို အဓိကထားပြီးတော့ အပြုသဘောနဲ့ဆောင်ပြီး ထောက်ပြဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးဌာနအနေနဲ့ သစ်တောသယံဇာတများ အဓွန့်ရှည်စွာ တည်တံ့နိုင်ရေးနဲ့ နောင် သားစဉ်မြေးဆက် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်လျက်ရှိပါတယ်။

သို့အတွက် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ရဲ့ နိုင်ငံတော်တစ်ဝန်းတွင် ကြီးမားစွာဖြစ်ပေါ်လျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရ အား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ၂၈-၇-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးခဲ့ပြီး လွှတ်တော်က အတည်ပြုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်းပဲ စီမံချက်ချပြီးတော့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် သတ္တုကဏ္ဍနဲ့ပတ်သက်ပြီးတော့ ဓာတ်သတ္တုသယံဇာတများကို သားစဉ်မြေးဆက် ထုတ်လုပ်နိုင်ရေးအတွက် National Reserve ဧရိယာများ ထားရှိခြင်း၊ ဓာတ်သတ္တု သယံဇာတများကို ခေတ်မီနည်းပညာဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် ကုန်ချောအဆင့်အထိ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နဲ့ သားစဉ်မြေးဆက် အကျိုးရှိစေမည့် တာဝန်ယူ၊ တာဝန်ခံမှု အပြည့်အဝရှိသော သယံဇာတ တူးဖော်ထုတ်လုပ် သုံးစွဲသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သွားရန်၊ လူမှုစီးပွားဘဝထိခိုက်မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ဓာတ်သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးရည်မှန်းချက်များ ချမှတ်ပြီးတော့ ကျောက်မျက်ရတနာများနှင့် တွင်းထွက်သယံဇာတများကို အကန့်အသတ်ဖြင့် ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်သွားမည်ဖြစ်ခြင်းကြောင့် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ရဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ ၂၈-၈-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးခဲ့ပြီးတော့ လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

ဝန်ကြီးဌာနအနေနဲ့လည်းပဲ စီမံချက်ချပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် ဒုတိယနေ့မှာဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ ကလည်းပဲ ဒီအဆိုနဲ့ ဒီကိစ္စဟာ အမျိုးသားရေးကဏ္ဍဖြစ်လို့ အင်မတန်ကျယ်ပြန့်ပါကြောင်း ဆွေးနွေး ခဲ့တဲ့နည်းတူ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်းကလည်းပဲ ဒီကိစ္စဟာ ဝန်ကြီးဌာနတစ်ခုတည်း မဟုတ်ဘဲနဲ့ ဆက်စပ်ဝန်ကြီးများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်းလည်းပဲ ထောက်ပြသွားတာကို ကျွန်တော် သိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ သဘာဝသယံဇာတကဏ္ဍဟာ ကျယ်ပြန့်လှတဲ့အပြင် ဘက်ပေါင်းစုံ ပါဝင်နေတဲ့အတွက် ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင် အပါအဝင် အဓိကစီမံခန့်ခွဲရတဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံး ကျရာအခန်းကဏ္ဍကနေပြီးတော့ အမျိုးသားရေးစိတ်ဓာတ်အသိရှိရှိနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်တဲ့အောင်မြင်မှုကို ရရှိမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းသောအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၂း၄၅။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်များရဲ့သဘောထား ရယူဖို့အတွက်ကို စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးစနစ်နဲ့ ရယူပေးပါရန် တောင်းဆိုအပ်ပါတယ်။

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲ ပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမှာဖြစ်ပြီး အဆိုကို အတည်ပြုရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ဆန္ဒမဲ ပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမှာ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲ များပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၉၂) မဲ၊ ကန့်ကွက်မဲ(၈၂) မဲ၊ ကြားနေမဲ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးဖေချစ် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]